


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
## ( ၂၀၂၅ ခုနှစ်၊ မေလ )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၅ ခုနှစ်၊ မေလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၄၁/၂၀၂၅ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၀၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၅ ခုနှစ်၊ မေလ )

## မာတိကာ


| | | |
|---|---|---|
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် | ၅ |
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် | ၆ |
| **မိန့်ခွန်းများ** | | |
| ၁။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား | ၇ |
| ၂။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား | ၉ |
| ၃။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား | ၂၀ |
| ၄။ | အခြေခံနှင့် တန်းမြင့်၊ ရေကြောင်း၊ လေကြောင်း လူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား | ၂၁ |
| ၅။ | တိုင်းဒေသကြီးတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား | ၂၅ |
| ၆။ | တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား | ၂၉ |

၇။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၃၁
၈။ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၃၅
၉။ မန္တလေးလျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် အလုပ်သမားဝန်ကြီးဌာနရုံး အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် လမ်းညွှန်အမှာစကား ၃၇
၁၀။ မန္တလေးလျှောင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ပြောကြားသည့်အမှာစကား ၃၉
၁၁။ လျှောင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၄၃
၁၂။ လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် လမ်းညွှန်အမှာစကား ၅၁

သဝဏ်လွှာ

၁။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၅၇

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

## ၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

## ၃။ လူမှုရေး


(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်ရေး။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၉ – ၅ – ၂၀၂၅ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁–၁၉၄၅ မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၉ ရက်နေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် Soluex Hotel Moscow ရှိ BEIJING ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒေါက်တာဘာရွှေ၊ ခွန်စံလွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့်အတူ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ ပေါလစ်ဗျူရို၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီရုံးအကြီးအကဲဖြစ်သူ Mr. CAI Qi ၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံခြားရေးရာကော်မရှင်အကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် မဏ္ဍလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ဆုံးရှုံးရမှုများအတွက် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့ အတူတကွလက်တွဲ၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံး ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာဆက်ဆံရေးသည် ယခုနှစ်တွင် ၇၅ နှစ် ရောက်ရှိပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးတို့ကို အမြဲထောက်ခံအားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ် ဖြစ်ပေါ်ခဲ့မှုကြောင့် ခက်ခဲမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အချိန်၌ အဆွေတော်အနေဖြင့် မြန်မာပြည်သူလူထုနှင့်ထပ်တူ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ပြီး အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပေးခဲ့ပါကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်မှုအပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရေးအကြီးဆုံးအချိန်ဖြစ်သည့် (Golden Hour)တွင် တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ငလျင်လှုပ်ခတ်ပြီး ၁၈ နာရီအကြာ၌ မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိလာခဲ့ပြီး လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအတွက် အရေးပေါ် လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း ပေးအပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် တရုတ်နိုင်ငံအစိုးရ၏ ကူညီဆောင်ရွက်ပေးမှုများအပေါ် အစဉ်အမြဲကျေးဇူးတင်အမှတ်ရနေမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တရုတ်နိုင်ငံအနေဖြင့် လိုအပ်သည်များကို ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး မေတ္တာရပ်ခံလိုပါကြောင်း။

**နှစ်နိုင်ငံအကြား နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်**

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စများနှင့်ပတ်သက်၍ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်လျက်ရှိကြောင်းနှင့်ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်အတူ အေးအတူ ပူအမျှ အနာဂတ်မျှဝေသော အသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံများဆိုင်ရာ လုပ်ငန်းများအတွက် အခြေခံအသစ်များ ဖော်ဆောင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံပါကြောင်း၊ ယနေ့တွေ့ဆုံမှုသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို များစွာအထောက်အကူဖြစ်စေသည့်အပြင် နှစ်နိုင်ငံအကြား နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

## ( ၁၉ - ၅ - ၂၀၂၅ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

### တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက် ကြသည်။

### နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုဆိုင်ရာများ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာ မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ ရခြင်းဖြစ်ကြောင်း၊ တာဝန်စတင်ထမ်းဆောင်ချိန်မှစတင်၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များ တာဝန်ပေးအပ်ရာတွင်လည်း တပ်မတော် သားများကိုသာ ခန့်အပ်ခြင်းမဟုတ်ဘဲ စစ်ဘက်နှင့် နယ်ဘက် မျှတအောင် တာဝန်ပေးခန့်အပ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင် ချိန်ကာလအတွင်း လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်ကြည့်ပါက တိုင်း ဒေသကြီးနှင့်ပြည်နယ်များအလိုက် ပညာရေးအရ၊ စီးပွားရေး အရ အားနည်းမှုများရှိကြောင်း၊ အဆိုပါအားနည်းမှုများ ကြောင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေး လှုံ့ဆော်မှု မျိုးစုံကို ခံစားခဲ့ရပြီး တိုင်းပြည်တည်ငြိမ်မှု မရှိခဲ့ခြင်းကို သမိုင်းမှတ်တမ်းများတွင် သမိုင်းသင်ခန်းစာအဖြစ် တွေ့ရှိ နိုင်ကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း

ပေါ်၌ လျှောက်လှမ်းရာတွင် ပြည်ထောင်စုမပြိုကွဲရေး အတွက် တွက်ဆ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ရေးဆွဲပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ပေးထားသည့် အခွင့်အရေးများ၌ ဖက်ဒရယ် အခွင့်အရေးများ ပေးထားသည်ကို တွေ့ရကြောင်း။

၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး အာဏာရပါတီကို နိုင်ငံတော် တာဝန်များ လွှဲပြောင်းပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းချိန်၌ အာဏာရပါတီ အတွင်း သဘောထားကွဲလွဲမှုများ ရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချိန်၌ အတိုက်အခံပါတီဖြစ်သည့် NLD ပါတီအနေဖြင့် NCA ကို လက်မှတ်ရေးထိုးခြင်းမပြုရန် လှုံ့ဆော်ကန့်ကွက်မှုများ ရှိခဲ့ကြောင်း။

၂၀၁၅ ခုနှစ် ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းတွင် တပ်မတော်အနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက် ပေးခဲ့ကြောင်း၊ အဆိုပါ အစိုးရသက်တမ်းကာလအတွင်း နိုင်ငံတော်အတွက်အရေးကြီးသည့်ကာလများ၌ကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီအစည်းအဝေးအား လုံးဝပြုလုပ်ခြင်း မရှိခဲ့ကြောင်း၊ အလားတူ ဥပဒေနှင့်မညီသည့် ပြင်ဆင်ချက် များအား အတည်ပြုခဲ့ပြီး ဥပဒေနှင့်မညီညွတ်သည့် ကိစ္စရပ် များစွာ လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။

ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် နိုင်ငံတော်၏ ကုန်သွယ်ရေးလိုငွေမှာ ၁၂ ဘီလျံကျော်ခန့်နှင့် ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလတွင် ၁၂ ဘီလျံ ကျော်ခန့် စုစုပေါင်း ၂၅ ဘီလျံကျော်ခန့် လိုငွေပြခဲ့ကြောင်း၊ အဆိုပါငွေများအား ပြည်ပအကူအညီများ၊ ချေးငွေများ၊ ကုန်သွယ်မှုမှအပ ဝင်ငွေများဖြင့်ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် ကျောင်းနေ ရာခိုင်နှုန်းများ မြင့်တက်လာခဲ့သည်ကို အချက်အလက်များ အရ သိရှိရကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားပြီးချိန်၌ ကျောင်းနေ ရာခိုင်နှုန်းများ ကျဆင်းခဲ့ကြောင်း၊ ထို့ကြောင့် ပညာရေး အားနည်းချက်များကို ဂရုပြုရန်လိုကြောင်း။

၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်

**မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်ကြည့်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာရေးအရ၊ စီးပွားရေးအရ အားနည်းမှု များရှိ၊ အဆိုပါအားနည်းမှုများကြောင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေး လှုံ့ဆော်မှုမျိုးစုံကို ခံစားခဲ့ရပြီး တိုင်းပြည် တည်ငြိမ်မှု မရှိခဲ့ခြင်းကို သမိုင်းမှတ်တမ်း များတွင် သမိုင်းသင်ခန်းစာအဖြစ် တွေ့ရှိနိုင်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် ပြည်ထောင်စု မပြိုကွဲရေးအတွက် တွက်ဆ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ရေးဆွဲပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရ၊ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပေးထားသည့် အခွင့်အရေးများ၌ ဖက်ဒရယ် အခွင့်အရေးများ ပေးထားသည်ကို တွေ့ရ၊ ဒီမိုကရေစီ ပထမအစိုးရသက်တမ်း ကာလတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့၊ ထိုအချိန်၌ အတိုက်အခံပါတီဖြစ်သည့် NLD ပါတီ အနေဖြင့် NCA ကို လက်မှတ်ရေးထိုးခြင်း မပြုရန် လှုံ့ဆော်ကန့်ကွက်မှုများ ရှိခဲ့။**

ရေးအစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် အထူးဒေသများဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင်လည်း NCA လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သမိုင်းတစ်လျှောက်တွင် အခက်အခဲများရှိခဲ့ကြောင်း၊ ဒီမိုကရေစီ ဒုတိယအစိုးရ သက်တမ်းကာလတွင် ငြိမ်းချမ်းရေးညီလာခံအား (၂၁) ရာစု ပင်လုံအဖြစ် အမည်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ သမိုင်းကြောင်းအရ အခက်အခဲများရှိလာနိုင်သဖြင့် အသိပေးမှုများ ဆောင်ရွက်ခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်ကတည်းက ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန် တပ်မတော်က ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများအရ ဗိုလ်မှူးကြီးဟောင်း တင်မောင်ရေးသားသည့် "တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်" ဆိုသည့်အတိုင်း ၎င်းအချိန်က "ဒီမိုကရေစီက နုနု၊ မုန်တိုင်းက ထန်ထန်" ဖြစ်ပေါ်နေသည့်ကာလဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်မနေ လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ မူလရည်ရွယ်ချက်တွင်ပါသည့်အတိုင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်ကြောင်း၊ သို့သော် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများတွင်လည်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသကဲ့သို့ ဖဆပလခေတ်တွင်လည်း အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် တရားမျှတသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပုဒ်မ ၈၅၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၅၅ တို့တွင် လွှတ်တော်ခေါ်ရာ၌ အထမြောက်သည့်အပိုင်းများကို ထည့်သွင်းရေးသားထားကြောင်း၊ ဥပဒေများအား ချိန်ထိုးကြည့်ရာတွင် ရွေးကောက်ပွဲကို အထမြောက်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ ရွေးကောက်ပွဲ ကျင်းပ၍ ရွေးကောက်ခံအစိုးရဖြင့် နိုင်ငံ့အရေး ဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်နိုင်သည်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးအရ တာဝန်ယူဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို ခွဲဝေဆောင်ရွက်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရပ်ကွက်ကျေးရွာ အဆင့်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ချမှတ်ထားသည့်မူဝါဒများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အရည်အချင်းပြည့်ဝနေရန်လိုကြောင်း၊ အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းနေရန်လိုကြောင်း၊ ထို့ကြောင့် အုပ်ချုပ်သူများအနေဖြင့် အရည်အချင်း ပြည့်ဝရန်လိုအပ်သကဲ့သို့ အုပ်ချုပ်မှုအတတ်ပညာ၊ ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေးအမြင်များ ရှိရန်လိုကြောင်း။

**ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေဖော်ဆောင်ပေးရမည်**

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေ ဖော်ဆောင်ပေးရမည်ဖြစ်ပြီး စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန်လိုအပ်မည်ဟု ပြောလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ လွတ်လပ်ရေး မရမီကတည်းကပင် အားနည်းချက်များရှိခဲ့ကြောင်း၊ နိုင်ငံ၏ သမိုင်းကြောင်း အထောက်အထားများကို လေ့လာကြည့်မည်ဆိုပါက သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရှေးဘုရင်များလက်ထက်က ဥရောပနိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်ခဲ့သည့် သမိုင်းမှတ်တမ်းများလည်းရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ရှေးဘုရင်များခေတ်က နိုင်ငံတော်၌ ကျင့်သုံးခဲ့သည့် ပညာရေး

စနစ်များနှင့် ခေတ်အဆက်ဆက်၌ ကျင့်သုံးခဲ့သည့် ပညာရေးစနစ်များကို ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာရေးအားနည်းမှုများနှင့် ပတ်သက်ပါက ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်၍ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း ပညာရေးနှင့်ပတ်သက်၍ များစွာမြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပညာရေးညီလာခံများ လုပ်ဆောင်ရာ၌ အကြောင်းအရာ ဖော်ထုတ်ချက်များအပြင် ပညာရေးနှင့်ပတ်သက်၍ မည်ကဲ့သို့ မြှင့်တင်ဆောင်ရွက်မည်ကို လက်တွေ့ကျကျ ဆုံးဖြတ်ဆောင်ရွက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှု မရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း နိုင်ငံတော်အတွက် မည်ကဲ့သို့ အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင် ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာနှင့် နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ပြီး အကျိုးရလဒ်များကို တွေ့မြင်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ်အကျိုးကို ကြည့်၍ စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုများလည်း ရှိနေကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင် အထက်တန်းကျောင်းများကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများ အထိုက်အလျောက်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့ချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာအချို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် စာမေးပွဲပြန်လည်ဖြေဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည့်အတွက် ပြန်လည်ဖြေဆိုမှု မဆောင်ရွက်စေဘဲ ဖြေလျှော့မှုဖြင့် စာမေးပွဲအအောင်ပေးရန် ပြောဆိုမှုများရှိကြောင်း၊ သို့သော် သိက္ခာရှိသည့် အောင်မြင်မှုမျိုးနှင့် နိုင်ငံတကာစံချိန်စံနှုန်းများအရ စာမေးပွဲပြန်လည်ဖြေဆိုရန် မိမိတို့အနေဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း စာမေးပွဲပြန်လည်ဖြေဆိုရမည့် ဒေသများ၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် အဆင်ပြေချောမွေ့မှုရှိစေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျောင်းများပြန်လည်ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ မေလ ၂၂ ရက်နေ့ဆိုပါက ကျောင်းအပ်နှံရေး ရက်သတ္တပတ်စတင်ပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသအလိုက် ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး အကြမ်းဖက်

> သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍
> မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကို
> များစွာကြုံတွေ့ခဲ့ရ၊ ကပ်ရောဂါကြုံတွေ့ရမှု၊
> ရာသီဥတုဖောက်ပြန်မှု၊ ပဋိပက္ခများ
> ကြုံတွေ့ရမှု၊ ငလျင်ဘေးဒဏ်ကြုံတွေ့ရမှု
> စသည်တို့ဖြင့် နိုင်ငံတော်အနေဖြင့်
> ဆုံးရှုံးခဲ့ရမှုများစွာဖြစ်ပေါ်ခဲ့ရသကဲ့သို့
> ပြည်သူများအနေဖြင့်လည်း တစ်ဦးချင်း
> ထိခိုက်နစ်နာဆုံးရှုံးခဲ့ရမှုများရှိ၊
> ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်း
> တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး
> ပျက်စီးဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၅၃၄
> ဒသမ ၁၄၆ ဘီလီယံဖိုး ဆုံးရှုံးခဲ့ရပြီး
> နိုင်ငံတော်အစိုးရဘတ်ဂျက်မှ ငွေကျပ် ၇၃
> ဒသမ ၇၉၇ ဘီလီယံကျော်ဖိုး
> ပြန်လည်ပြုပြင် ထောက်ပံ့ပေးခဲ့။

သမားများအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ နှောင့်ယှက်မှုများ မဖြစ်ပေါ်စေရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေမည်ဆိုပါက ထိုသို့ဆောင်ရွက်နေသည့်နေရာဒေသများသည် အခြားဒေသများ၏ နောက်တွင် ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့်လည်း ၎င်းကဲ့သို့ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေခြင်းသည် မိမိတို့အနာဂတ်ကို မိမိတို့ဖျက်ဆီးနေသည်ကို သိရှိရန်လိုကြောင်း။

**ကျန်းမာရေးကဏ္ဍအားပေးမြှင့်တင်**

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အားနည်းချက်များ ရှိနေဆဲဖြစ်ကြောင်း၊ နေ့စဉ်လူမှုဘဝလှုပ်ရှားမှုများ၌ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် နေထိုင်သွားလာလှုပ်ရှားမှုများမရှိသည်ကို တွေ့မြင်ရပြီး ကျန်းမာရေးအသိအမြင်များ အားနည်းမှုများ ရှိနေဆဲဖြစ်ကြောင်း၊ အချို့သောဒေသများ၌ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများကြောင့် ကျန်းမာရေးအရ အားနည်းချက်များ ရှိနေဆဲဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်ပါက ကျန်းမာရေးဝန်ထမ်းများအပြင် ကျန်းမာရေးနှင့် နီးနွယ်သည့်သူများ၊ ပြည်သူများအားလုံး အတူတကွ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် "ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်"၊ "လူ့အသက်ထက်အရေးကြီးသည်မှာ ဘာမျှမရှိ"၊ "ဆေးရုံတိုင်းဆရာဝန်ရှိရမည်" စသည့်မူဝါဒများချမှတ်၍ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများဖြည့်ဆည်းပေးခြင်း၊ အထောက်အကူပြုပစ္စည်းများဖြည့်ဆည်းပေးခြင်းတို့ဖြင့် အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ မိမိတို့စတင်တာဝန်ယူခဲ့စဉ် နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် လုပ်ငန်းခွင်စွန့်ခွာမှုများရှိခဲ့ပြီး ကျန်းမာရေးဝန်ထမ်းအများစုလည်း ပါဝင်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလနှင့် နိုင်ငံရေးပဋိပက္ခများ ဖြစ်ပေါ်နေစဉ်ကာလဖြစ်သဖြင့် ယင်းအကျပ်အတည်းကို မိမိတို့အနေဖြင့် ရှိသည့်အင်အားများကို စုစည်း၍ ကြိုးပမ်းဆောင်ရွက်ကာ ကျော်လွှားခဲ့ရကြောင်း၊ တပ်မတော်သားဆရာဝန်၊ ဆေးမှူးများကိုလည်း နိုင်ငံအနှံ့သို့ စေလွှတ်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရကြောင်း၊ အရေးကြီးသည်မှာ ပြည်သူများ၏ ကျန်းမာရေးကိစ္စများ အဆင်ပြေစေရန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ များစွာဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆေးရုံအဆောက်အအုံများ၊ မြေနေရာများနှင့် ပတ်သက်၍လည်း လိုအပ်သည်များဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေး၊ ကျန်းမာရေးတို့နှင့် ပတ်သက်ပါက လိုအပ်သည်များကို ဖြည့်ဆည်းမြှင့်တင်ပေးသွားရန် မဖြစ်မနေ လိုအပ်မည်ဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ တာဝန်ရှိသူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း။

**သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်လို**

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကို များစွာကြုံတွေ့ခဲ့ရကြောင်း၊ ကပ်ရောဂါကြုံတွေ့ရမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ပဋိပက္ခများကြုံတွေ့ရမှု၊ ငလျင်ဘေးဒဏ်ကြုံတွေ့ရမှုစသည်တို့ဖြင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများစွာဖြစ်ပေါ်ခဲ့ရသကဲ့သို့ ပြည်သူများအနေဖြင့်လည်း တစ်ဦးချင်း ထိခိုက်နစ်နာဆုံးရှုံးခဲ့ရမှုများရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၅၃၄ ဒသမ ၁၄၆ ဘီလီယံဖိုး ဆုံးရှုံးခဲ့ရပြီး နိုင်ငံတော်အစိုးရဘတ်ဂျက်မှ ငွေကျပ် ၇၃ ဒသမ ၇၈၇ ဘီလီယံကျော်ဖိုး ပြန်လည်ပြုပြင်ထောက်ပံ့ပေးခဲ့ကြောင်း၊ ပြည်သူတို့၏ ကုန်ကျမှုများမပါရှိသေးဘဲ နိုင်ငံတော်မှ ကုန်ကျမှုသီးသန့်ပင်ဖြစ်ကြောင်း၊ ထို့အတူ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ငွေကျပ် ၄၆၆ ဒသမ ၂၃၁ ဘီလီယံကျော် ဆုံးရှုံးခဲ့ရပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၅၄ ဒသမ ၈၀၇ ဘီလီယံထောက်ပံ့ပေးခဲ့ရကြောင်း၊ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုအနေဖြင့် ငွေကျပ် ၃၆၂၉ ဒသမ ၂၈၈ ဘီလီယံရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်များ ကြုံတွေ့ခဲ့ရခြင်းမရှိပါက မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊သဘာဝဘေးဒဏ်များအပြင်အကြမ်းဖက်

သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက် သေဆုံးခဲ့ရမှုများ၊ နိုင်ငံပိုင်လမ်းတံတားအဆောက်အအုံများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံး ခဲ့ရမှုများ များစွာရှိခဲ့ကြောင်း၊ ယင်းတို့သည် တိုင်းပြည်အတွက် အရှုံးများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများ အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင် မှုကောင်းစွာဖြင့် ကာကွယ်နိုင်ရန်လိုကြောင်း၊ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ သည်လည်း ကြီးမားသည်ဖြစ်သည့်အတွက် ငြိမ်းချမ်းမှု ရရှိအောင် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ငွေကျပ် ၄၆၆ ဒသမ ၂၃၁ ဘီလီယံကျော် ဆုံးရှုံးခဲ့ရပြီး ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၅၄ ဒသမ ၈၀၇ ဘီလီယံထောက်ပံ့ပေးခဲ့ရ၊ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံး ခဲ့ရမှုအနေဖြင့် ငွေကျပ် ၃၆၂၉ ဒသမ ၂၈၈ ဘီလီယံရှိခဲ့ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်၊ ယင်းဖြစ်ရပ်များ ကြုံတွေ့ခဲ့ရခြင်းမရှိပါက မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို ယခုထက်ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်၊ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများ အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှု ကောင်းစွာဖြင့် ကာကွယ်နိုင်ရန်လို၊ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည်လည်း ကြီးမားသည်ဖြစ်သည့်အတွက် ငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်။

စီးပွားရေးနှင့်ပတ်သက်၍ နိုင်ငံတစ်ခု တိုးတက်ရန် အတွက် စီးပွားရေးအရ အားကောင်းရန်လိုအပ်မည်ဖြစ် ကြောင်း၊ စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန် အတွက် အစိုးရတစ်ရပ်အနေဖြင့် တာဝန်ရှိကြောင်း၊ နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက် ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက်ပိုမို ကြိုးပမ်းဆောင်ရွက် သွားရဦးမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် မူဝါဒကိုသာ ချမှတ်ပေးမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် တိုက်တွန်းပေးရန်မှာ အစိုးရတွင်တာဝန်ရှိပြီး မိမိတို့အနေဖြင့် ချေးငွေများ ထုတ်ပေးခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ ကြောင်း။

သို့သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် လုပ်ငန်းများ ထိုက်သင့်သလောက် အောင်မြင်မှု မရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင် ရည်မှန်းချက် ပြည့်မီမှု မရှိသေးသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံနှင့်ပတ်သက်၍လည်း အထွက်နှုန်း အားနည်း နေဆဲဖြစ်ပြီး ပြည်ပမှ တင်သွင်းနေရဆဲပင်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းကြောင့် နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ခန့် လျော့နည်းခဲ့သည်ကို တွက်ချက်မှုများအရ တွေ့ရှိရကြောင်း၊ သီးထပ်စွမ်းအားများ ရာနှုန်းပြည့် ပြည့်မီအောင် ဆောင်ရွက် နိုင်မည်ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့် လုပ်အား အရင်းအမြစ်များ ရှိပြီးဖြစ်သော်လည်း အမှန် တကယ် အလုပ်လုပ်ခြင်းမရှိသဖြင့် ဝင်ငွေနည်းရခြင်းဖြစ် ကြောင်း၊ ငွေကြေးဈေးနှုန်းများ မတည်မငြိမ်ဖြစ်ရခြင်းနှင့် ပတ်သက်၍လည်း အချက်တစ်ချက်အနေဖြင့် စဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ဝင်ငွေတိုးတက်အောင် ကုန်ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက

ငွေကြေးဈေးနှုန်းများ တက်လာမည် မဟုတ်သကဲ့သို့ ကုန်ဈေးနှုန်းများလည်း တိုးမြှင့်လာမည် မဟုတ်သဖြင့် မိမိတို့အနေဖြင့် အလုပ်ကို အမှန်တကယ်လုပ်ကြရန်နှင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းနှင့်ပတ်သက်၍ အဖြေရှာရန် လိုပြီး ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတခြင်းတို့ကို ဖြေရှင်းနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုတိုးမြှင့်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ကြောင်း။

**လျှပ်စစ်စွမ်းအား လုံလောက်စွာရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး**

လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် လိုအပ်ချက်ရှိခဲ့ပြီး အချိန်တိုအတွင်း လျှပ်စစ်ရရှိနိုင်ရန် ဆိုလာစွမ်းအင်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် လျှပ်စစ်ဓာတ်အားများထုတ်လုပ်၍ မရနိုင်စေရေး စက်ရုံ အလုပ်ရုံများ၊ ဓာတ်အားပေးတိုင်များအား ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်၍ လျှပ်စစ်စွမ်းအားပေးနိုင်ရေး အစွမ်းကုန်ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လမ်းတံတားဖောက်ခွဲဖျက်ဆီးမှုများကို ရက်ပိုင်းအတွင်း နာရီပိုင်းအတွင်း ပြန်လည်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို အမြန်ဆုံးကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ရန် အခက်အခဲများစွာ ရှိမည်ဖြစ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် ပြည်သူလူထုက ယုံကြည်မှုရှိပြီး အားကိုးရသည့် အစိုးရတစ်ရပ်ဖြစ်အောင်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းကြောင်းကောင်းကို ရေးထိုးနိုင်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၂၀ - ၅ - ၂၀၂၅ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဒုတိယနေ့ကိုမေလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

**လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား အသီးသီး ရှင်းလင်းတင်ပြ**

အစီအစဉ်အရပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ရည်မှန်းချက် တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လုပ်ငန်းလည်ပတ်လျက်ရှိမှု အခြေအနေများ၊ အထွေထွေတင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြ ကြသည်။

**တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးမှာကြား**

လျှပ်စစ်စွမ်းအင်ဆိုင်ရာ တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် လျှပ်စစ်နှင့်

ပတ်သက်၍ မိမိတို့နိုင်ငံတွင် လိုအပ်ချက်ပြည့်မီမှုမရှိသေးကြောင်း၊ လျှပ်စစ်စွမ်းအင်မရှိပါက ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ထိုက်သင့်သလောက် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားပေး စီမံကိန်းများကို ယခင်ကာလများကတည်းကပင် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါရှိရင်းစွဲ လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်အကောင်အထည်ဖော်ဆောင်နိုင်မှု မရှိခဲ့ခြင်းကြောင့် လျှပ်စစ်ဓာတ်အား ဖူလုံမှုမရှိခြင်းဖြစ်ကြောင်း။

ထင်ရှားသည့် ဥပမာတစ်ခုကို ပြမည်ဆိုပါက မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းရပ်ဆိုင်းခဲ့ရမှုမရှိပါက မဂ္ဂါဝပ် ၆၀၀၀ ရရှိမည်ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းတို့ ပေါင်းစပ်လိုက်မည်ဆိုပါက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပြည့်မီရုံသာမက ကျော်လွန်သည့် အနေအထားသို့ပင် ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပြည့်ဖြိုးမြဲ လျှပ်စစ်စွမ်းအင်ကို ထုတ်ယူသုံးစွဲခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရေအား၊ လေအားနှင့် နေအားဟူ၍ရှိကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို မိမိတို့နိုင်ငံအတွင်း စီးဆင်းနေသည့် မြစ်ချောင်းများပေါ်၌ ဆောင်ရွက်၍ရနိုင်သည်ဖြစ်သော်လည်း အချို့သောနေရာများ၌ လုံခြုံရေးအခြေအနေအရ စီမံကိန်းများ ရပ်တန့်ထားရခြင်းများနှင့် လုပ်ငန်းဆောင်ရွက်၍ မရနိုင်သည်များလည်းရှိကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် လုပ်ဆောင်၍ ရနိုင်သည့်နေရာများကို ဖော်ထုတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ အနိမ့်တမံ Low–Head Dam များ ပြုလုပ်၍လည်း ရေအားလျှပ်စစ် ထုတ်ယူရနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နေသာသည့်နေ့ရက် များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်စွမ်းအင်ထုတ်ယူခြင်းကို ဆောင်ရွက်သင့်ကြောင်း၊ ဆိုလာထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပြီး ဆိုလာများသည် အနာဂတ်တွင် လိုအပ်ချက်ကြီးမားလာနိုင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း Small Skill ဆိုလာစက်ရုံများကို ဆောင်ရွက်သင့်ကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ပတ်သက်၍ မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်သည်ဟူသည့် မူဝါဒကို ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ စက်သုံးဆီနှင့်ပတ်သက်၍လည်း နှစ်စဉ်အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့် တန်ဖိုးရှိ စက်သုံးဆီများကို တင်သွင်းနေရကြောင်း၊ လောင်စာဆီ သုံးစွဲမှုလျှော့ချနိုင်ရေးအတွက် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ် (EV)ကား တင်သွင်းမှုများကို ခွင့်ပြုပေးထားသော်လည်း နိုင်ငံခြားငွေလိုအပ်ချက်များရှိနေသည့်အတွက် ကန့်သတ်ချက်ရှိနေကြောင်း၊ ကုန်သွယ်မှုတွင် ပို့ငွေပြနေသော်လည်း အခြားသုံးစွဲမှုများ အနုတ် များပြားမှုရှိနေခြင်းကြောင့် နိုင်ငံခြားငွေဈေး မြင့်တက်နေကြောင်း၊ ဥပမာအားဖြင့် ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ထွက်ခွာမှုများနှင့် နိုင်ငံခြားငွေသုံးစွဲမှု များပြားလျက်ရှိကြောင်း၊ နိုင်ငံခြားငွေလိုအပ်ချက်များရှိနေသဖြင့် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်(EV)ကား တင်သွင်းမှုများတွင် ကန့်သတ်ချက်များ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း။

ယမန်နေ့ အစည်းအဝေးတွင် ရှင်းပြခဲ့ပြီးဖြစ်သည့် စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်နှင့် သီးထပ်စွမ်းအားများ ရာနှုန်းပြည့် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး (Public Transportation)များကို ပိုမိုအားပေးဆောင်ရွက်ပြီး အသုံးပြုမှု များပြားလာမည်ဆိုပါက နှစ်စဉ် ပြည်ပမှလောင်စာဆီ တင်သွင်းနေရမှုများကို

**မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားပေး စီမံကိန်းများကို ယခင်ကာလများ ကတည်းကပင် ချမှတ်ဆောင်ရွက်ခဲ့၊ လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် အကောင်အထည်ဖော်ဆောင်နိုင်မှု မရှိခဲ့ခြင်းကြောင့် လျှပ်စစ်ဓာတ်အား ဖူလုံမှု မရှိခြင်းဖြစ်။**

လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးနှင့် ပတ်သက်၍လည်း လျှပ်စစ်စွမ်းအင်သုံး ပို့ဆောင်ရေးစနစ်သို့ သွားနိုင်ရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် တတ်နိုင်သရွေ့ ဆောင်ရွက်သွားမည်ဖြစ်ပြီး မကြာမီကာလအတွင်း ဘက်ထရီစနစ်သုံး မီးရထားစက်ခေါင်းများလည်း ရောက်ရှိတော့မည်ဖြစ်ပြီး စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း။

**မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် လိုင်စင်မဲ့ယာဉ်များဖော်ထုတ်ရေး**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပတ်သက်၍ တပ်ဖွဲ့ဝင်များ အရည်အသွေးပြည့်မီစေရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များ၏ သက်သာချောင်ချိရေး၊ နေရေးထိုင်ရေး၊ ဝတ်စားဆင်ယင်မှုများနှင့် ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာစားသောက်မှုရှိစေရေး၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိစေရေး အတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူထုနှင့် ထိတွေ့ဆက်ဆံနေရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်သဖြင့် ၎င်းတို့၏ သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စီးနင်းနေမှုများကိုလည်း ဖော်ထုတ်သွားရန်လိုကြောင်း၊ နံပါတ်ပြားများ အတုပြုလုပ်ခြင်း၊ လိုင်စင်များအတုပြုလုပ်ခြင်းများ လုပ်ဆောင်နေမှုများကိုတွေ့ရှိရပြီး တာဝန်ရှိသူများအနေဖြင့်ပါဝင်ပတ်သက်နေသူများအားလုံးကိုစိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ စီးနင်းနေမှုများကြောင့် နိုင်ငံတော်အနေဖြင့် အခွန်အခ များစွာ နစ်နာမှုရှိမည်ဖြစ်သကဲ့သို့ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း အခက်အခဲများ ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စီးနင်းမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ပြီး သက်ဆိုင်ရာပြည်နယ်၊ ဦးစီးအဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းရင်းသား ဒေသများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်စေရေး ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် အားပေးဆောင်ရွက်ခဲ့ကြကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များကိုလည်း သီးခြားအနေဖြင့် ဖွင့်လှစ်ပေးထားပြီး ဘွဲ့ရရှိသူများ အနေဖြင့် မိမိတို့ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပြန်လည်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၌ စည်းစနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဦးဆောင်၍ လက်တွေ့ကျသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဘွဲ့ရများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့် တာဝန်များကို ထမ်းဆောင်၍ နိုင်ငံတော်ကို အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း။

**အားကစားနှင့် လူငယ်ရေးရာကဏ္ဍ**

အားကစားနှင့်လူငယ်ရေးရာကဏ္ဍနှင့်ပတ်သက်၍ အားကစားသည် နိုင်ငံတော်ကို ချစ်သည့်စိတ်နှင့် စည်းလုံးညီညွတ်မှုကိုဖြစ်ပေါ်စေပြီး အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ခြင်းပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို မြို့ကြီးများတွင်သာမက လုပ်ဆောင်၍ရနိုင်သည့် နေရာများ၌ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး၌ မီတာ ၄၀၀ ပြေးလမ်းနှင့် အထူးတန်းပွဲကြည့်စင်ပါရှိသည့် အားကစားကွင်းရှိရမည်ဖြစ်ကြောင်း၊ Indoor Game အားကစားများ ဆောင်ရွက်နိုင်သည့် မိုးလုံလေလုံ အားကစားရုံနှင့် ရေကူးကန်များလည်းရှိရမည်ဖြစ်ကြောင်း။

အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရာတွင် အဆင့်မီသည့် ပြိုင်ပွဲများဖြစ်ရန်လိုသကဲ့သို့ အားကစားသမားများသည် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားကြရန်လိုကြောင်း၊ အားကစားမြှင့်တင်ရာတွင် အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ

ဖြည့်ဆည်းပေးရမည်ဖြစ်သကဲ့သို့ အရည်အချင်းပြည့်ဝသည့် နည်းပြများကိုလည်း စနစ်တကျခန့်အပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားသမားများ ရွေးချယ်ရာ၌လည်း စနစ်တကျ စိစစ်ရွေးချယ်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များကို အခြေခံပညာကျောင်းများကတည်းကပင် စနစ်တကျ စိစစ်မွေးထုတ်သွားရန်လိုကြောင်း၊ လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြမည်ဖြစ်သဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းပြီး စာပေပညာ၊ အတတ်ပညာပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးခြင်းသည် တိုင်းပြည်၏ အနာဂတ်ကို တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

**လျှင်သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် သင်ခန်းစာယူ ဆောင်ရွက်သွားကြရန်**

မတ်လ ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် သင်ခန်းစာရရှိခဲ့ပြီးဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရမှုများနှင့်ပတ်သက်၍ ဆုံးရှုံးမှုပမာဏအလိုက် တွက်ချက်၍ ထောက်ပံ့မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အမှန်တကယ် နစ်နာသူများထံသို့ ရောက်ရှိစေရေး တာဝန်ရှိသူများက ကြပ်ကြပ်မတ်မတ်ဖြင့် စိစစ်ထုတ်ပေးသွားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများမှ လက်ခံရရှိသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကိုလည်း လိုအပ်နေသူများထံသို့ အမြန်ဆုံးရောက်ရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် ဆုံးရှုံးမှုတို့ကို သင်ခန်းစာယူ၍ နောင်တွင် အဆောက်အအုံများ ဆောက်လုပ်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် အနာဂတ်ကို မျှော်တွေး၍ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စိစစ်ပြီးမှသာ ခွင့်ပြုပေးသွားရန်လိုကြောင်း။

ထို့အတူ လမ်း၊ တံတားများ တည်ဆောက်မှုနှင့်ပတ်သက်၍လည်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ အင်ဂျင်နီယာရှုထောင့်မှ ရှုမြင်၍ ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျဖြင့် တည်ဆောက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကားလမ်းများ လမ်းဘေးဝဲယာ၌ စိမ်းလန်းစိုပြည်မှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူဖြစ်စေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို သတ်မှတ်အကွာအဝေးများအလိုက်၊ အပင်အတန်းအခြားအလိုက် စိုက်ပျိုးသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကားလမ်းဘေးများအပြင် ရထားလမ်းဘေးများ၌လည်း သတ်မှတ်ချက်များနှင့်အညီ သစ်ပင်များ စိုက်ပျိုးသွားမည်ဆိုပါက ခရီးသွားပြည်သူများအတွက် မျက်စိပသာဒ ဖြစ်စေနိုင်မည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲပြီးဆုံးချိန်တွင် အနိုင်ရသည့်ပါတီအား မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ပြန်လည်အပ်နှင်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရ

ထင်ရှားသည့် ဥပမာတစ်ခုကို ပြမည်ဆိုပါက
မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းရပ်ဆိုင်း
ခဲ့ရမှုမရှိပါက မဂ္ဂါဝပ် ၆၀၀၀ ရရှိ မည်ဖြစ်၊
ရှိပြီးဖြစ်သည့် လျှပ်စစ်ဓာတ်အားပေး
စက်ရုံများနှင့် မြစ်ဆုံရေအားလျှပ်စစ်
စီမံကိန်းတို့ ပေါင်းစပ်လိုက်မည်ဆိုပါက
လျှပ်စစ်ဓာတ်အားလိုအပ်ချက်
ပြည့်မီရုံသာမက ကျော်လွန်သည့်
အနေအထားသို့ပင် ရောက်ရှိနိုင်မည်ဖြစ်၊
ရေအားလျှပ်စစ် စီမံကိန်းများကို မိမိတို့
နိုင်ငံအတွင်း စီးဆင်းနေသည့် မြစ်ချောင်း
များပေါ်၌ ဆောင်ရွက်၍ရနိုင်သည်
ဖြစ်သော်လည်း အချို့သောနေရာများ၌
လုံခြုံရေးအခြေအနေအရ စီမံကိန်းများ
ရပ်တန့်ထားရခြင်းများနှင့် လုပ်ငန်း
ဆောင်ရွက်၍ မရနိုင်သည်များလည်းရှိ။

တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ တာဝန်များ ပြန်လည်လွှဲပြောင်းပေးသည်အထိ ဆောင်ရွက်ခဲ့မှုမှတ်တမ်းများကို စနစ်တကျဖြင့်ပြုစုထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သမိုင်းမှတ်တမ်းများနှင့် ပတ်သက်ပါက ပြုစုခြင်း၊ ထိန်းသိမ်းခြင်းတို့တွင် အားနည်းမှုများရှိခဲ့သည်ကို သမိုင်းကြောင်းအချက်အလက်များအရ တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် လုပ်ဆောင်ခဲ့သည်များ၊ ဆောင်ရွက်ခဲ့သည်များ၊ ပြောဆိုခဲ့သည်များကို စနစ်တကျ မှတ်တမ်းပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းရပ်များကို စနစ်တကျ မှတ်တမ်းပြုစုထားခြင်းဖြင့် လုပ်ဆောင်ရန်ကျန်ရှိသည်များကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက်ပါက ကောင်းမွန်သည့် အရွေ့တစ်ခုကိုလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း။

ရှေ့ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့၏ တင်ပြချက်များသည် အချက်အလက်များမှန်ကန်မှုရှိရန်နှင့် မြေပြင်အချက်အလက်များနှင့် ကိုက်ညီမှုရှိရန်လိုကြောင်း၊ အချက်အလက်များ မှန်ကန်မှုရှိမှသာလျှင်နောင်တွင်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များအတွက် မှန်ကန်သည့်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေးအတွက် လိုအပ်သည့် သွင်းအားစုများကို မှန်မှန်ကန်ကန် ဖြည့်သွင်းပေးနိုင်ရန် လိုအပ်မည်ဖြစ်ပြီး စိုက်နည်းစနစ်များလည်း မှန်ကန်မှုရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများစွာရှိကြောင်း၊ ဥပမာအားဖြင့် ကမ္ဘာ့စတုတ္ထစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ ဘရာဇီးနိုင်ငံသည် ပဲပုပ်တင်ပို့မှုများပြားကြောင်း၊ ယင်းနိုင်ငံများ၏ လုပ်ဆောင်မှုများ၊ အောင်မြင်မှုများကို အတုယူ၍ ဆောင်ရွက်မည်ဆိုပါက မိမိတို့အနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမှန်တကယ်အလုပ်မလုပ်၍သာ အောင်မြင်မှုမရရှိခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် Agro-Base Industry ကို သွားနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပမာအားဖြင့် ဝါစိုက်ပျိုးမှုကို အောင်မြင်အောင် ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဝါမှချည်ထည်၊ ၎င်းမှ ပိတ်စအထည်အလိပ် လုပ်ငန်းစဉ်တစ်ခုလုံး ဆောင်ရွက်၍ရကြောင်း။

အလားတူ ဝါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ဝါးပျော့ဖတ်ထုတ်လုပ်ခြင်းမှစ၍ ဝါးကြိတ်သားဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်များ စသည်ဖြင့် များစွာပြုလုပ်၍ရနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါးအရင်းအမြစ် များစွာရှိပြီးဖြစ်သဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်ရှိ မြို့ကြီးများကို Green City၊ Clean City၊ Smart City ဖြစ်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိုးရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများပြုလုပ်၍ ဆောင်ရွက်ကြရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့တာဝန်ယူထားသည့် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# အခြေခံနှင့်တန်းမြင့်ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၂၁ - ၅ - ၂၀၂၅ )




နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ မွေးမြူနေချိန်တွင် မောင်တို့မယ်တို့အနေဖြင့် သင်ယူခဲ့သည့် ပညာရပ်များ၏ အခြေခံသဘောတရားများမှတစ်ဆင့် စူးစမ်းလေ့လာမှုများ ပြုလုပ်ပြီး တိုးတက်အောင်မြင်အောင် ထပ်မံကြိုးစားသွားကြရန်လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မေလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် အခြေခံနှင့် တန်းမြင့်ရေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် အခြေခံနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း (၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နှစ်စဉ်နွေရာသီ ကျောင်းပိတ်ရက်ရှည်ကာလတွင် မိမိတို့၏ ကိုယ်ပိုင်အချိန်များကို အကျိုးမဲ့မဖြစ်စေဘဲ မိမိအတွက်သော်လည်းကောင်း၊ တိုင်းပြည်အတွက်သော်လည်းကောင်းအကျိုးရှိစေသည့်ရေကြောင်း၊

လေကြောင်းပညာရပ်ဆိုင်ရာ လူငယ်သင်တန်းအသီးသီးကို လေ့လာသင်ယူတက်ရောက်ခဲ့ကြသည့် နိုင်ငံတစ်ဝန်းမှ မောင်မယ်များနှင့်တွေ့ဆုံပြီး ဂုဏ်ပြုအမှာစကား ပြောကြားခြင်းဖြစ်ကြောင်း။

ယခုသင်တန်းများကို ၂၀၁၄ ခုနှစ်၌ စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအထိ သင်တန်း ၉ ကြိမ် ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊သင်တန်းစတင်ဖွင့်လှစ်ချိန်တွင်သင်တန်းသားတစ်ဦးကို သင်တန်းတစ်ကြိမ်သာ တက်ရောက်နိုင်ရန် စီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင် သင်တန်းတက်ရောက်ပြီး လူငယ်များ၊ သင်တန်းမတက်ရသေးသည့် လူငယ်များ၏ ထက်သန်သည့် စိတ်ပါဝင်စားမှုနှင့် တင်ပြမှုများကြောင့် သင်တန်းတက်ရောက်ပြီး လူငယ်များကို နောက်နှစ်တွင် သင်တန်းဆက်တက်နိုင်ရန် တန်းမြင့်သင်တန်းများကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့အထိ အခြေခံရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ၉ ကြိမ်၊ သင်တန်းသား ၈၄၄၆ ဦး၊ တန်းမြင့်ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ၈ ကြိမ်၊ သင်တန်းသား ၁၆၄၄ ဦး၊ စုစုပေါင်း လူငယ် ၁၀၀၉၀ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း။

ဗလငါးတန်အနက် မိတ္တဗလဟူသည်မှာ လူရယ်လို့ ဖြစ်လာပါက မိတ်ကောင်းဆွေမွန် ရှိရန်လိုအပ်၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာဖေးမမှု၊ အမှားတွေ့ပါက စေတနာဖြင့် ဝေဖန်ထောက်ပြမှု စသည်တို့သည် မိတ်ဆွေအချင်းချင်း ပြုမူပေးတတ်သည့် အလေ့အကျင့်ကောင်းများပင်ဖြစ်၊ ထိုကဲ့သို့ မိတ်ဆွေကောင်းများကို ပိုင်ဆိုင်ခြင်းအားဖြင့် မိမိတို့ဖြတ်သန်းရမည့် အနာဂတ်ဘဝကို ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ကြမည်ပင်ဖြစ်။

လူတိုင်းတွင် မိတ်ဆွေကောင်းရှိရန် အရေးကြီးသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် မိမိတို့နိုင်ငံတော်ကြီးသည်လည်း မိတ်ဆွေကောင်းများ ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေး အခြေအနေများနှင့်ပတ်သက်ပြီး အမှန်တရားဘက်က အရှိအတိုင်း ရပ်တည်ပေးသည့် နိုင်ငံများသည် နိုင်ငံတော်၏ မိတ်ဆွေကောင်းများပင်ဖြစ်။

သင်တန်းဖွင့်လှစ်ရသည့် မူလရည်မှန်းချက်များ အောင်မြင်ခဲ့ရုံသာမက သင်တန်းကာလတွင် နိုင်ငံ၏ ဒေသအသီးသီးမှ လူငယ်များသည် သင်တန်းအတူတက်ရောက်ခွင့်၊ အတူပူးပေါင်းဆောင်ရွက်ခွင့်၊ အတွေ့အကြုံဗဟုသုတဖလှယ်ခွင့်များရရှိခဲ့ပြီး စိတ်တူကိုယ်တူ မိတ်ကောင်းဆွေကောင်းများ ရရှိခဲ့ကြခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ အဆိုပါ မိတ်ကောင်းဆွေကောင်း အသိုက်အဝန်းမှတစ်ဆင့် သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေ အသိုက်အဝန်းများ ထပ်တိုးပြီး ဖလှယ်ခွင့်ရရှိခြင်းကြောင့် လူငယ်ဘဝ၌ပင် ကျယ်ပြန့်သည့် လူမှုဆက်ဆံရေးနယ်ပယ်များကို ရရှိလာမည်ဖြစ်ကြောင်း။

**မိတ်ဆွေကောင်း၏အရေးပါမှု**

နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ဦးတည်ချက် (၉)ရပ်တွင် ပြဋ္ဌာန်းထားသည့် လူမှုရေးကဏ္ဍ၌ လူငယ်များနှင့်ပတ်သက်ပြီး "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး "ဟူ၍ ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်း၊ ဗလငါးတန်အနက် မိတ္တဗလဟူသည်မှာ လူရယ်လို့ ဖြစ်လာပါက မိတ်ကောင်းဆွေမွန် ရှိရန်လိုအပ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာဖေးမမှု၊ အမှားတွေ့ပါက စေတနာဖြင့် ဝေဖန်ထောက်ပြမှု စသည်တို့သည် မိတ်ဆွေအချင်းချင်း ပြုမှု

ပေးတတ်သည့် အလေ့အကျင့်ကောင်းများပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ မိတ်ဆွေကောင်းများကို ပိုင်ဆိုင်ခြင်းအားဖြင့် မိမိတို့ဖြတ်သန်းရမည့် အနာဂတ်ဘဝကို ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ကြမည်ပင်ဖြစ်ကြောင်း။

လူတိုင်းတွင် မိတ်ဆွေကောင်းရှိရန်အရေးကြီးသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် မိမိတို့နိုင်ငံတော်ကြီးသည်လည်း မိတ်ဆွေကောင်းများ ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေများနှင့်ပတ်သက်ပြီး အမှန်တရားဘက်က အရှိအတိုင်း ရပ်တည်ပေးသည့် နိုင်ငံများသည် နိုင်ငံတော်၏ မိတ်ဆွေကောင်းများပင်ဖြစ်ကြကြောင်း။

မကြာခင်ကဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကို မောင်တို့မယ်တို့လည်း သိရှိခဲ့ကြပြီးဖြစ်ကြောင်း၊ ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရချိန်တွင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးရန် ရောက်လာသည့် မိတ်ဆွေကောင်းနိုင်ငံများ၊ ဝမ်းနည်းစာနာကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု စားသောက်နေထိုင်ရေးကဏ္ဍစုံတွင် ပံ့ပိုးကူညီပေးကြသည့် အဖွဲ့အစည်းများနှင့် နိုင်ငံများသည် မိမိတို့နိုင်ငံအတွက် မိတ်ဆွေကောင်းများဟု ဆိုရမည်ဖြစ်ကြောင်း။

**လူငယ်ဘဝကတည်းက အသိမှန် အတွေးမှန် ရှိကြရန်လို**

စာအုပ်စာပေများသည်လည်း လူသားတို့၏ မိတ်ဆွေများဖြစ်ကြောင်း၊ လူများ၏ စိတ်ကို နူးညံ့စေသည့် ရသစာပေများ၊ အတွေးအခေါ် ဗဟုသုတမြင့်မားစေသည့် သုတစာပေများကို ဖတ်ရှုလေ့လာပြီး မိမိ၏ဘဝ အစဉ်တိုးတက်နေအောင် ကြိုးပမ်းသွားကြရန်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် အနာဂတ်သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရန်လို**

ဒီမြေမှာမွေး ဒီမြေမှာ ကြီးပြင်းခဲ့ကြသူများပီပီ အမိနိုင်ငံတော်ကြီး၏ သမိုင်းကြောင်းအစဉ်အလာများကို ကောင်းစွာ သိရှိနားလည်ထားရမည်ဖြစ်ကြောင်း၊ ခိုင်မာသည့် သမိုင်းအထောက်အထားများအရ မိမိတို့နိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၁၀၀ (ဘီစီ ၁ ရာစု)ခန့် ကတည်းက မြို့ပြနိုင်ငံများ စတင်ထူထောင်နေထိုင်ခဲ့ကြသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်သမိုင်းကြောင်းရှိသည့် နိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၁၁၀၀ ခန့်က ပုဂံအင်ပါယာကို စတင်ထူထောင်ခဲ့ပြီးနောက်ပိုင်းတွင် တိုင်းရင်းသားပေါင်းစုံစုစည်းပြီး ကိုယ့်မင်း၊ ကိုယ်ချင်းနှင့် ရပ်တည်ခဲ့သည့် ဘုရင့်နိုင်ငံဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ ရှည်လျားလှသော်လည်း အဆိုပါခေတ်က ခေတ်နှင့်လျော်ညီသည့် ခေတ်မီပညာရပ်များ သင်ကြားသင်ယူမှု မရှိနိုင်ခဲ့သဖြင့် ခေတ်ပညာတတ်များမရှိခြင်း၊ စည်းလုံးညီညွတ်မှု အားနည်းခြင်းများကြောင့် ခေတ်မီနိုင်ငံ၊ ခေတ်မီလူ့အဖွဲ့အစည်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခေတ်မီတပ်မတော် တည်ဆောက်ရာတွင် အားနည်းခဲ့ကြရကြောင်း၊ ထို့ကြောင့် သမိုင်းအစဉ်အလာကြီးမားသည့် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ရကြောင်း။

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးသည် မျိုးချစ်လူငယ်များက ခေတ်မီတပ်မတော်တစ်ရပ် ထူထောင်ပြီး ပြည်သူလူထု၏ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းကြိုးပမ်းမှုများကြောင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးအတွက် ပြည်သူများ၊ တပ်မတော်သားများ အသက်၊ သွေး၊ ချွေး များစွာပေးဆပ်ပြီး စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ကိုလိုနီနယ်ချဲ့များ၏ သွေးခွဲအုပ်ချုပ်မှုစနစ်ဆိုးများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် “တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်” ဆိုသကဲ့သို့ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ရက်ပိုင်း၊ လပိုင်းသာရှိသေးသည့် လွတ်လပ်ရေးသစ်ပင်သည် အသီးအပွင့်မမြင်ရသေးခင်မှာပင် အမြစ်က ဆွဲနုတ်ခံရမည့်အဖြစ်မျိုး ကြုံခဲ့ရကြောင်း၊ တပ်မတော်နှင့် ပြည်သူလက်တွဲပြီး ခက်ခက်ခဲခဲလွတ်လပ်ရေးကို ကာကွယ်ခဲ့ရကြောင်း၊ ပြည်တွင်းသောင်းကျန်းမှု၊ ပြည်ပကူမင်တန်ကျူးကျော်မှုများ နှိမ်နင်းအပြီးတွင် နိုင်ငံရေး အားနည်းချက်များ၊ ပြည်ပ ပယောဂများကြောင့် တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်နှင့် ကြုံတွေ့ရပြန်ကြောင်း၊ အမြစ်က နုတ်ခံရမည့် လွတ်လပ်ရေးသစ်ပင်ကို ခက်ခက်ခဲခဲကြိုးပမ်း ကာကွယ်နိုင်ခဲ့ပြီးနောက်ပိုင်းတွင် အပိုင်းပိုင်းဖြတ်မည့် အန္တရာယ်နှင့် ထပ်မံကြုံတွေ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး နိုင်ငံရေး စုစည်းညီညွတ်မှု၊

လူမှုရေးနှင့် စီးပွားရေး စည်းလုံးညီညွတ်မှုရရှိစေရေး အတွက် ဗဟိုကွပ်ကဲအုပ်ချုပ်မှုနှင့် နိုင်ငံကို ပြန်လည် စုစည်းတည်ဆောက်ခဲ့ရကြောင်း။

ဗဟိုကွပ်ကဲအုပ်ချုပ်မှုတွင် အားနည်းချက်များရှိသကဲ့သို့ အားသာချက်များလည်း ရှိခဲ့ကြောင်း၊ စုစည်းသည့်နိုင်ငံရေး စနစ်ကို တည်ဆောက်နိုင်ခဲ့သော်လည်း စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအပိုင်းတွင် အားနည်းခဲ့ကြောင်း၊ ထိုအပေါ်တွင် အခွင့်ကောင်းယူပြီး ပြည်တွင်းပြည်ပ အဖျက်သမားများသည် နှစ်ရှည်လများ နည်းအမျိုးမျိုးဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်နိုင်ငံတော်တာဝန်ရယူခဲ့ရပြီး ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တည်ငြိမ်အေးချမ်းစွာ ကူးပြောင်းနိုင်ရန် တည်ဆောက်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုနေရာတွင် သတိပြုမိရန်ကလည်း ပြည်ပ၏ ပယောဂပင် ဖြစ်ကြောင်း။

မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးချိန်ကတည်းက မတည် မငြိမ်ဖြစ်အောင် စဉ်ဆက်မပြတ် လုပ်ဆောင်လာခဲ့သည့် အဆိုပါအင်အားစုများနှင့် ၎င်းတို့၏ အဆက်အနွယ်များ ကပင် အဆိုပါကိစ္စကို နှပ်ကြောင်းပေးဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်း၊ အချိန်မရွေး ဝင်ရောက်စွက်ဖက်၍ ကောင်းစေရန် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယင်းကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ အဖျက်သမားများ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ထိန်းသိမ်းထားသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဟန်ချက်ညီမှု၊ လူမှုစီးပွားဘဝ ဟန်ချက်ညီမှုများကို သိရှိကြကြောင်း၊ အဆိုပါ ဟန်ချက် ညီမှုများကို ဖျက်ဆီးနိုင်မှသာ ၎င်းတို့၏ ယုတ်မာသည့် နိုင်ငံတော်ပြိုကွဲစေရေးအကြံအစည်များနှင့် ဒေသအတွင်း မြန်မာကို တည်ကြက်ထားပြီး ၎င်းတို့ ထိန်းချုပ်လိုသည့် နိုင်ငံများကို ထိန်းချုပ်လိုသည့် အကြံအစည်များအား အကောင်အထည်ဖော်နိုင်မည်ကို သိရှိကြကြောင်း၊ ယင်းကို ၎င်းတို့ စဉ်ဆက်မပြတ်ဆောင်ရွက်နေကြသည်ကို မိမိတို့ နိုင်ငံသားများအားလုံးက သိရှိသတိရှိကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေး ရည်မှန်းချက် နှစ်ရပ်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ် တိုင်းပြည်သာယာ ဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်ထားကြောင်း၊ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည့်နေရာတွင် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ တုန်းကကဲ့သို့ သမိုင်းတွင် အရုပ်ဆိုးအကျည်းတန်သည့် အဖြစ်မျိုးများ၊ ရွေးကောက်ပွဲ မတိုင်မီကာလတွင်လည်း ဒီမိုကရေစီအမည်ခံ ဥပဒေမဲ့လုပ်ဆောင်မှုများ၊ အာဏာရှင် ဆန်ဆန် လုပ်ဆောင်မှုများကြောင့် တိုင်းပြည်၏ စည်းလုံး ညီညွတ်မှု၊ ဟန်ချက်ညီရပ်တည်မှုများ ပြိုကွဲမည့်အဖြစ်များ ထပ်မံမဖြစ်ပေါ်စေရေး လုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ် မှန်များကို သိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ် ပါဝင် ကြရန်လိုကြောင်း။

တစ်လုပ်စားဖူး သူ့ကျေးဇူးဆိုသည့် စကားနှင့်အညီ ဒီမြေမှာ မွေး၊ ဒီမြေမှာ ကြီးပြင်းကြသူများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရမည့် တာဝန်ဝတ္တရားရှိကြ ကြောင်း၊ အလားတူ မိမိအပေါ်ပြုဖူးသည့် ကျေးဇူးမှန်သမျှ ကိုလည်း အစဉ်အသိအမှတ်ပြုနိုင်မှသာ လူပီသပြီး လူ့အဖွဲ့ အစည်းက အသိအမှတ်ပြုခံရသည့် လူသားများဖြစ်လာ ကြမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ရာမှတစ်ဆင့် ရရှိခဲ့သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုများကို ဆက်လက်မွေးမြူပြီး ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြရန်၊ နိုင်ငံတော် အတွက် လူသားအရင်းအမြစ်များ မွေးမြူနေချိန်တွင် သင်ယူ ခဲ့သည့် ပညာရပ်များ၏ အခြေခံသဘောတရားများမှ စူးစမ်း လေ့လာမှုများပြုလုပ်ပြီး တိုးတက်အောင်မြင်အောင် ထပ်မံ ကြိုးစားသွားကြရန်၊ မှန်ကန်သည့် အသိအမြင်များရရှိစေရန် စာကောင်းပေမွန်များကို ဖတ်ရှုပြီး မိဘဆရာသမားများ၏ အဆုံးအမများအတိုင်း လိုက်နာနေထိုင်သွားကြရန် “ပညာ ရွှေအိုး လူမခိုး”ဆိုသည့်အတိုင်း ပြောင်းလဲတိုးတက်နေသည့် ပညာခေတ်တွင် ပညာကို တစိုက်မတ်မတ် ရှာဖွေရင်း တစ်ဖက်တွင်လည်း မိမိတို့၏ ကျန်းမာရေးအတွက် ဂရုပြု ဆင်ခြင်နေထိုင်သွားကြရန်၊ အမိတိုင်းပြည်အပေါ် သစ္စာ စောင့်သိရိုသေပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ် များနှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထား ပြုရမည့် မျိုးဆက်သစ်မောင်မယ်များဖြစ်အောင် ကြိုးပမ်း သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၂၃ - ၅ - ၂၀၂၅ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

### နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင်နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများကို အရာရှိ၊ စစ်သည်၊ မိသားစု သိရှိနားလည်နိုင်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တစ်ရပ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကိုထမ်းဆောင်နေရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ချိန်တွင် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကြောင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များကိုပင် လုပ်ဆောင်လာခဲ့ကြကြောင်း၊ ယင်းအချိန်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့် ကာလဖြစ်ပြီး သစ္စာမဲ့သည့် နိုင်ငံ့ဝန်ထမ်းအချို့၏ လုပ်ငန်းခွင်စွန့်ခွာမှုများကိုလည်း ကြုံတွေ့ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲနှင့်အကျပ်အတည်းများကို နိုင်ငံတော်တွင်ရှိသမျှသော အင်အားစုများဖြင့် ရင်ဆိုင်ကျော်လွှားခဲ့ကြရကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သဖြင့်နောက်ပိုင်းတွင်အကြမ်းဖက်မှုများ တဖြည်းဖြည်း လျော့ပါးသွားခဲ့ကြောင်း။

**သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရမှု**

အကြမ်းဖက်မှုဖြစ်စဉ်များအပြင်သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရမှုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြုံတွေ့ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှု အနေဖြင့် ငွေကျပ် ၅၃၄ ဘီလီယံကျော်ခန့် ဆုံးရှုံးခဲ့ရကြောင်း၊ မိုခါမုန်တိုင်းတိုက်ခတ်မှု ပြီးလျှင်ပြီးချင်း မိမိကိုယ်တိုင် သွားရောက်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်စေခဲ့ရာ ၆ လအတွင်း ဆောင်ရွက် နိုင်ခဲ့ကြောင်း၊ နိုင်ငံတကာမှလည်း ကူညီဆောင်ရွက်ပေး မှုများရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြုံတွေ့ခဲ့ ရချိန်တွင်လည်း ထိခိုက်ဆုံးရှုံးမှုများ များပြားခဲ့ရကြောင်း၊ မကြာသေးမီက မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးလျှင်ကြီး ကြုံတွေ့ခံစားခဲ့ရချိန်၌လည်း နိုင်ငံတော် နှင့် ပြည်သူလူထုတို့တွင် ထိခိုက်ဆုံးရှုံးမှုများ များပြားခဲ့ ရကြောင်း၊ နိုင်ငံတော်အနေဖြင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ၊ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံ မှုနှင့် ငလျင်ဘေးဒဏ်စသည့်သဘာဝဘေးအန္တရာယ်မျိုးစုံကို ကြုံတွေ့ခဲ့ရကြောင်း၊ မိမိတို့တွင်ရှိသည့် အားများကိုစုစည်း၍ ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြရကြောင်း၊ ငလျင်ဘေးကြောင့် ထိခိုက် ပျက်စီးမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ ကူညီကယ်ဆယ် ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ငလျင်လှုပ်ခတ်ပြီးမကြာမီ နာရီပိုင်းအတွင်း မိမိအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို နိုင်ငံတော်သို့ အသိပေး ပြောကြားခဲ့ပြီး နိုင်ငံတကာမှ အကူအညီများရရှိရေး အတွက်လည်း ပြောကြားခဲ့ကြောင်း၊ နိုင်ငံတကာမှ ကူညီ ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း မိမိတို့နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ် ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့မှုကြောင့် အသက်ရှင် ကျန်ရစ်သူများကို ကယ်ဆယ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်
ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်
အဓိကတာဝန်ရှိပြီး ထိုသို့ တာဝန်ထမ်းဆောင်
နိုင်ရေးအတွက် တစ်ဦးချင်းစီအလိုက်၊
တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် တိုက်စွမ်းရည်၊
တိုက်စွမ်းအားများ ပြည့်ဝနေရမည်ဖြစ်၊
တပ်မတော်သားများအားလုံးသည်
မည်သူတစ်ဦးတစ်ယောက်၏
တိုက်တွန်းချက်မျှမပါရှိဘဲ မိမိတို့
သဘောဆန္ဒအလျောက် တပ်မတော်သို့
ဝင်ရောက်အမှုထမ်းကြခြင်းဖြစ်။

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး**

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းကြောင့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုမဖြစ်မနေ ဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း၊ အမြန်ဆုံးပြုလုပ်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက် လျက်ရှိပြီး သန်းခေါင်စာရင်းကောက်ယူခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သန့်ရှင်းသော ရွေးကောက်ပွဲ ဖြစ်စေရေး ဆန္ဒမဲပေးရာ၌ Electronic Voting Machine ဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ Electronic Voting Machine ဖြင့် မဲပေးခြင်းဖြင့် မဲစာရင်း မှားယွင်းမှုများကို အနည်းဆုံးဖြစ်စေနိုင်ကြောင်း။

ရွေးကောက်ပွဲကျင်းပပြီးချိန်၌ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးပြည်နယ်လွှတ်တော်များ ခေါ်ယူရာတွင် လွှတ်တော်အထမြောက်စေရေးအတွက် ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြရန်လိုကြောင်း၊ ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ ဒေသနှင့် နိုင်ငံတော်၏အကျိုးကို အမှန်တကယ် ဖော်ဆောင်ပေး နိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရန်လို ကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် တည်ငြိမ် အေးချမ်းရေးအတွက် အမာခံအနေဖြင့် ဆောင်ရွက်ပေး ရမည်ဖြစ်ကြောင်း။

**တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရမည်**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး

တာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝနေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက် အမှုထမ်းကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ၏ တစ်ဦးချင်း အရည်အချင်းများပြည့်ဝစေရေး အဆင့်အလိုက် သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာ နယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း အနေဖြင့် ကျန်းမာရေးကောင်းမွန်စေရေး သတ်မှတ်ထားသည့် ကိုယ်ခန္ဓာ ကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို နေ့စဉ်ဆောင်ရွက်နေရန်လိုပြီး ကိုယ်ခန္ဓာကြံ့ခိုင်မှုရှိမှသာ တိုက်စွမ်းရည်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည် ပြည့်ဝစေရေးအတွက် တပ်မတော်သားတစ်ဦးချင်းစီအလိုက် ရှိသင့်ရမည့် အရည်အချင်းများနှင့် တပ်ဖွဲ့တစ်ခုချင်းစီအလိုက် အရည်အချင်းများရှိရမည်ဖြစ်ကြောင်း။

**ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့စီးပွား မြင့်တင်ခြင်းကို ဖော်ဆောင်ပေးနိုင်ရမည်**

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရမည်ဖြစ်သည့်အပြင် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း တပ်မတော်အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ စားသောက်နေထိုင်ရေးကို ပြည့်စုံအောင် ဆောင်ရွက်ပေးမည်ဆိုပါက ဒေသစီးပွားတိုးတက်ရေးအတွက်လည်း အထိုက်အလျောက် အကူအညီပေးနိုင်ကြောင်း၊ အလားတူ တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များအား ဒေသခံပြည်သူများကို ထိုက်သင့်သည့် ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်မည်ဆိုပါက ဒေသစီးပွားရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အလားတူ တစ်ဦးချင်းဆောင်ရွက်နိုင်သည့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် အရာရှိ၊ စစ်သည် မိသားစုများ၏ သက်သာချောင်ချိရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသအလိုက် လုံခြုံတည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါကလည်း ဒေသ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့သက်ဆိုင်ရာဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မှုမှသည် နိုင်ငံ့စီးပွားမြင့်တင်မှုကို ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း။

**တပ်မတော်သားမိသားစုဝင် သားသမီးများ၏ ပညာရည် မြင့်မားရေး**

ပညာရေးနှင့်ပတ်သက်၍ ယခုလ ၂၂ ရက်နေ့မှစတင်၍ ကျောင်းအပ်နှံရေး ရက်သတ္တပတ်စတင်နေပြီဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင် ကျောင်းသားကျောင်းသူများ၏ ပညာရည်မြင့်မားစေရေး အတွက် စဉ်ဆက်မပြတ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် မိဘများအနေဖြင့်လည်း မိမိတို့ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ပညာရေးကောင်းမွန်မှ

> **တပ်မတော်သားများ၏ တစ်ဦးချင်း အရည်အချင်းများပြည့်ဝစေရေး အဆင့်အလိုက် သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာ နယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိ၊ တစ်ဦးချင်း အနေဖြင့် ကျန်းမာရေးကောင်းမွန်စေရေး သတ်မှတ်ထားသည့် ကိုယ်ခန္ဓာကြံ့ခိုင်မှု လေ့ကျင့်ခန်းများကို နေ့စဉ်ဆောင်ရွက်နေရန် လိုပြီး ကိုယ်ခန္ဓာကြံ့ခိုင်မှုရှိမှသာ တိုက်စွမ်းရည် အတွက် အထောက်အကူပြုမည်ဖြစ်၊ တိုက်စွမ်းရည် ပြည့်ဝစေရေးအတွက် တပ်မတော်သားတစ်ဦးချင်းစီအလိုက် ရှိသင့်ရမည့် အရည်အချင်းများနှင့် တပ်ဖွဲ့တစ်ခုချင်းစီအလိုက် အရည်အချင်းများရှိရမည်ဖြစ်။**

သာလျှင် ၎င်းတို့၏ ဘဝတစ်လျှောက်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်သဖြင့်ပညာရေးကိုအားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် မိမိတို့အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ပညာရေးနှင့်ပတ်သက်သည့်အားပေး ထောက်ပံ့မှုမျိုးစုံကို ပြုလုပ်ပံ့ပိုးလျက်ရှိကြောင်း။

**တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးဖြင့် စုစည်း ညီညွတ်သည့်အားကိုတည်ဆောက်**

တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ မိမိတို့ တပ်အတွင်းနှင့် တပ်အချင်းချင်း စည်းလုံးညီညွတ်မှုရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများအချင်းချင်း တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို၊ မောင်ရင်းနှမသဖွယ် စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံးနေထိုင်ကြရန်၊ ပေးအပ်လာသည့် အမိန့်နှင့် တာဝန်ကိုကျေပွန်စွာ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက် ရာတွင်လည်း "တောင်ကြီး ဖဝါးအောက်" ဟူသည့် စိတ်ဓာတ်များ မွေးမြူ၍ ကျော်လွှားဆောင်ရွက်သွားကြ ရန်လိုကြောင်း၊ မိမိတို့အနေဖြင့်လည်း ဒေသခံပြည်သူ များနှင့်အတူ တစ်သွေးတည်းတစ်သားတည်းဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုပြီး တပ်ပြင်စည်းရုံးရေး လုပ်ငန်း များကိုလည်း စနစ်တကျ ဆောင်ရွက်သွားကြရန်နှင့် ဒေသ အကျိုး၊ ဒေသခံများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ စုစည်းညီညွတ်သည့်အားများဖြင့် ပြည်သူ လူထု၏ အကျိုးစီးပွား၊ နိုင်ငံ၏ အကျိုးစီးပွားကို ဖော်ဆောင် ပေးနိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၄ - ၅ - ၂၀၂၅ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၄ ရက်နေ့ မွန်းလွဲပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများအား စစ်ဆေးသည်။

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ အွန်လိုင်းအသုံးပြု လိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်နေသူများ မရှိစေရေး အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မဲခေါင်မြစ်ကြောင်းလုံခြုံရေးနှင့် နယ်စပ်ဒေသ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး၊ တရားမဝင် လူကုန်ကူးမှုများ မရှိစေရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ပြင်ပပေါက်စျေးထက် သက်သာသောစျေးနှုန်းဖြင့် ရောင်းချပေးနိုင်မှုနှင့် အခြားလိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

**ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်များအလိုက် မိမိတို့တာဝန်ယူထားရသည့် နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊

ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်လာပါက အစဉ်အမြဲ ဂရုပြုနေရန်နှင့် အလေးအနက်ထားဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝနေရန် လိုအပ်မည်ဖြစ်ပြီး တစ်ဦးချင်းစီအလိုက်၊ တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးသင်တန်းကျောင်းများကလည်း အမြဲမပြတ်လေ့ကျင့်ပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သောခေါင်းဆောင်များကိုယ်တိုင်က စည်းကမ်းကောင်းမှသာလျှင် စည်းကမ်းကောင်းမွန်ပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်သည့်တပ်များ ဖြစ်လာမည်ဖြစ်ကြောင်း။

တပ်ဌာနချုပ်များ၊ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသည့် တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် အချင်းချင်းပေါင်းစပ် ညှိနှိုင်းမှုများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နယ်မြေဒေသ၏ မြေအနေအထားနှင့် သတင်းအချက်အလက်များ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားမှသာလျှင် အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့လုပ်သင့်သည်များကို မှန်မှန်ကန်ကန်ဆောင်ရွက်နေမည်ဆိုပါက မည်သည့်စစ်ဆင်ရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုမဆို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**တပ်မိသားစုဝင်များ၏ သက်သာချောင်ချိရေး ဖြည့်ဆည်းဆောင်ရွက်ပေးရမည်**

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ထောက်ပံ့ငွေများကို တိုးမြှင့်ပေးလျက်ရှိကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ပေးခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အနီးကပ်ကြပ်မတ်ကွပ်ကဲနေရသည့် တပ်မှူးများအနေဖြင့် မိမိတပ်နှင့် မိမိစစ်သည်များ၏ လုပ်ငန်းခွင်အခက်အခဲများ၊ အုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများနှင့် စားဝတ်နေရေးဆိုင်ရာ အခက်အခဲများကို စဉ်ဆက်မပြတ် စောင့်ကြည့်အကဲခတ်သိရှိနေရန်လိုပြီး တတ်နိုင်သရွေ့ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်တစ်ဦးချင်း၏ စားရေး၊နေရေး၊ဝတ်ရေး၊ကျန်းမာရေးတို့ကိုအတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သည့်အတွက် ၎င်းတို့၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် စည်းကမ်းစနစ်တကျနေထိုင်သွားလာစားသောက်မှုဖြစ်စေရေးအတွက် အနီးကပ်ကွပ်ကဲနေရသည့် တပ်မှူးများက ထိန်းသိမ်းတည့်မတ်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း။

စစ်သည်တစ်ဦးချင်းအနေဖြင့် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ပိုင်နိုင်စွာ တတ်မြောက်ရမည်၊ တပ်ဆင်ပေးထားသည့်လက်နက်ကိရိယာများကိုကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက အရည်အချင်းရှိသည့် တပ်ရင်း၊ တပ်ဖွဲ့များ ဖြစ်လာမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၂၄ - ၅ - ၂၀၂၅ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၄ ရက်နေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ကျိုင်းတုံဒေသသို့ရောက်ရှိသည့်အချိန်တိုင်း၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြည်နယ်၊ ခရိုင်အဆင့်တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ်ပြောဆိုမှာကြားမှုများအနက် သိသင့်သိထိုက်သည်များကို မြို့နယ်အဆင့်အထိ ပျံ့နှံ့အောင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိအနေဖြင့် ဒေသများအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျိုင်းတုံမြို့ရှိ ခုတင်-၂၀၀ ဆံ့ ဆေးရုံကြီးအား ခုတင်-၃၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ရန်အတွက် ကျွမ်းကျင်မှုရှိသည့် ဆရာဝန်ကြီးများလည်း လိုအပ်ကြောင်း၊ ကျိုင်းတုံမြို့ ဆေးရုံကြီးအား အဆင့်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လွယ်မွေ

ဆေးရုံ အဆင့်မြှင့်တင်လိုခြင်းနှင့်ပတ်သက်၍ ကျိုင်းတုံ-လွယ်မွေ ဆက်သွယ်ရေးလမ်းကြောင်းကို အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် သွားလာမှုအဆင်ပြေမှုရှိသည့်အတွက် လွယ်မွေဆေးရုံ၌ တက်ရောက်ကုသသူဦးရေ နည်းပါးမှုနှင့် ဆရာဝန်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မှု အခြေအနေများအရ လွယ်မွေဆေးရုံအား အဆင့်မြှင့်တင်ရန် ပြန်လည်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဒေသတစ်ခုချင်းစီမှစ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို မဖြစ်မနေ မြှင့်တင်အားပေးရမည်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့၌ တိုးတက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတစ်ခုချင်းစီမှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတွင် ပညာတတ်များပေါ်များကြွယ်ဝရန် မဖြစ်မနေလိုအပ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျောင်းနေရာခိုင်နှုန်းနည်းပါးပြီး တန်းစဉ်ကူးပြောင်းမှုများလည်း နည်းပါးသည်ကို တွေ့ရကြောင်း၊ တန်းစဉ်ကူးပြောင်းမှု နည်းပါးရခြင်းမှာ ဘာသာစကားအခက်အခဲ၊ မိဘများ၏ စီးပွားရေးအခက်အခဲများကြောင့် ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝရန်လိုပြီး ဒေသတွင်းမှ ထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ယူဆောင်ရွက်ချိန်တွင် တိုင်းရင်းသားဒီဂရီကောလိပ်တွင် တက်ရောက်အောင်မြင်သူများကိုသက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်နေရာ ချထားပေးနိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်နယ်များ၌ ပညာရေးဝန်ထမ်းများ အားနည်းချက်များရှိသဖြင့် ၎င်းတို့နှင့်နီးစပ်သည့် နေရာဒေသများအလိုက် နေရာချထားရေးလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံတော်တာဝန်ထမ်းဆောင်နေချိန်၌ ဆရာ၊ ဆရာမများအတွက် ရရှိသည့် ဘွဲ့လွန်နှင့် ဒီဂရီတို့ကို မူတည်၍ ချီးမြှင့်ခြင်းများကို ဆောင်ရွက်ပေးထားကြောင်း၊ နယ်စပ်ဒေသများ၌ ကျောင်းနေအရွယ် ကလေးများသည် မူလတန်းအဆင့်အထိသာ ကျောင်းတက်ရောက်ပြီး ကျောင်းထွက်သွားမှုများ များပြားကြောင်း၊ မိမိတို့အနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးပညာရေးကို အလေးပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ၌ ပညာသင်ကြားကြစဉ် ဆရာ၊ ဆရာမများ သင်ကြားပေးလိုက်သည့် သင်ခန်းစာများ၌ ကျောင်းစာများသာမက စည်းကမ်းများလည်းပါဝင်ကြောင်း၊ ကလေးငယ်များအနေဖြင့် အမျိုးသားစည်းကမ်းနှင့်ပတ်သက်၍ အလေ့အကျင့်ကောင်းများရရှိအောင် စာသင်ကျောင်းများမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်

ဒေသတစ်ခုချင်းစီမှစ၍ နိုင်ငံတော်ဖွံ့ဖြိုး
တိုးတက်ရေးအတွက် နိုင်ငံတွင်
ပညာတတ်များပေါ်များကြွယ်ဝရန်
မဖြစ်မနေလိုအပ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
တွင် ကျောင်းနေရာခိုင်နှုန်း နည်းပါးပြီး
တန်းစဉ်ကူးပြောင်းမှုများလည်း
နည်းပါးသည်ကို တွေ့ရ၊ တန်းစဉ်ကူးပြောင်းမှု
နည်းပါးရခြင်းမှာ ဘာသာစကားအခက်အခဲ၊
မိဘများ၏ စီးပွားရေးအခက်အခဲများကြောင့်
ဖြစ်သည်ကိုတွေ့ရှိရ၊ ဒေသအလိုက် ဖွံ့ဖြိုး
တိုးတက်ရေး ဆောင်ရွက်ပေးနိုင်မည့်
ပညာတတ်လူသားအရင်းအမြစ်များ
ပေါ်များကြွယ်ဝရန်လိုပြီး ဒေသတွင်းမှ
ထွက်ပေါ်လာသည့် ပညာတတ်လူသား
အရင်းအမြစ်များအနေဖြင့် ဒေသ၏
လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊
စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင်
ဖွံ့ဖြိုးတိုးတက်မှုရှိအောင်
ဖော်ဆောင်ပေးနိုင်ရမည်။

ပေါ်စေရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ သင်ကြားပေးသည့် ဆရာ၊ ဆရာမများသည်လည်း အရည်အချင်း ပြည့်ဝရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်မည်ဆိုပါက အဆင့်မြင့် တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ဒေသ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တိုင်ပင်၍ သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ကွန်ပျူတာနှင့် နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ကြောင်း၊ ထို့ပြင် တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သူများ တက်ရောက်နိုင်ရေး Polytechnic Institute ကိုလည်း ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပထမနှစ် တက်ရောက်အောင်မြင်ပြီးပါက အသိအမှတ်ပြုလက်မှတ် Certificate ရရှိမည်ဖြစ်ကာ နောက်ထပ် ၂ နှစ် တက်ရောက်အောင်မြင်ပြီးပါက ဒီပလိုမာဘွဲ့ရရှိမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် Polytechnic University သို့ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်သူများ တက်ရောက်နိုင်သည့် စက်မှု စိုက်ပျိုးရေးနှင့် နည်းပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ Polytechnic နည်းပညာများကို သင်ကြားခြင်းဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများကို မွေးထုတ်နိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ ပိုမိုပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ လုပ်ငန်းများကို အောင်မြင်အောင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း။

**ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အမှန်တကယ် အလုပ်လုပ်ကြရန်လို**

စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း မျိုး၊ မြေ၊ ရေ၊ နည်းစသည့်နည်းလမ်းလေးသွယ်ကိုပြည့်စုံအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို Grade–10, Grade–11 နှင့် Grade–12

**နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို အလေးပေးဆောင်ရွက်သွားရမည်ဖြစ်၊ စာသင်ကျောင်းများ၌ ပညာသင်ကြားကြစဉ် ဆရာ၊ ဆရာမများ သင်ကြားပေးလိုက်သည့် သင်ခန်းစာများ၌ ကျောင်းစာများသာမက စည်းကမ်းများလည်းပါဝင်၊ ကလေးငယ်များအနေဖြင့် အမျိုးသား စည်းကမ်းနှင့်ပတ်သက်၍ အလေ့အကျင့်ကောင်းများရရှိအောင် စာသင်ကျောင်းများမှ ဆောင်ရွက်ပေးရမည်ဖြစ်၊ ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်မည် ဆိုပါက အဆင့်မြင့် တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ဒေသ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်။**

တို့တွင် အခြေခံထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင်း အခြေခံစားကုန်များ ကုန်ဈေးနှုန်းကျဆင်းအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့သို့ ကုန်ဈေးနှုန်းများကျဆင်းရန်အတွက် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျိုင်းတုံဒေသအတွင်း နွေစပါး၊ မိုးစပါးများကို ဒေသတွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုပြီး Eating Quality ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စပါးစိုက်ပျိုးမှုများမှာ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီပါက ဒေသတွင်းစားရေးဖူလုံသည်သာမက ပိုလျှံလာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ခန့် တိုးတက်လာမည်ကို တွက်ချက်မှုများအရ တွေ့ရှိရကြောင်း၊ အလားတူ

သီးထပ်စွမ်းအားများ ရာနှုန်းပြည့် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများ ရရှိအောင်ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**ဒေသတွင်းပေါကြွယ်ဝသည့် ဝါးသယံဇာတများကို အကျိုးရှိစွာ အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်**

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသ၌ ဝါးသယံဇာတများစွာရှိသည့်အတွက် ဝါးနှင့်ပတ်သက်သည့် ထုတ်ကုန်များကို ထုတ်လုပ်၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့်-ဝါးပျော့ဖတ်ထုတ်ကုန်များ၊ ဝါးဖြင့်ပြုလုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ကြိမ်နှင့်ပတ်သက်သည့် ထုတ်ကုန်များနှင့် ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေး ထုတ်ကုန်များကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရေးအတွက်လည်း ကျိုင်းတုံ၊ တာချီလိတ်နှင့် မိုင်းဆတ်လေဆိပ်များကို အဆင့်မြှင့်တင်ခြင်းနှင့် လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေချောမွေ့အောင် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းပြည်တစ်ခုတိုးတက်ရေးအတွက် GDP သည် အရေးကြီးပြီး နိုင်ငံ၏ GDP သည် အိမ်နီးချင်း နိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဒေသတွင်းနေထိုင်ကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရေးကြီးသည်မှာ ဒေသတွင်းနေထိုင်သူများက အမှန်တကယ် အလုပ်လုပ်ကြရန်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ကိုယ်ပိုင်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါကလည်း နိုင်ငံတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံးတက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၂၅ - ၅- ၂၀၂၅ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား မေလ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးဆန်လူ၊ ဦးကြည်မြင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိတ်ဆွေဟောင်းများနှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံတော်တစ်ခုဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီရင်းအစ်ကို မောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဖြစ်ပေါ်စေရေးအတွက် ကောင်းမွန်စေလိုသည့်စိတ်ဖြင့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့်

အရေးကြီးသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွား ရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး တို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်း တက်ရောက်နိုင်စေရေး အခြေခံပညာသင်ကျောင်းများကို ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ မိမိတို့သည် ပြည်ထောင်စု နိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် ရုံးသုံး ဘာသာစကားနှင့်စာပေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တတ်မြောက်ထားရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်ထောင်စုစနစ်ပညာရေးကိုသင်ကြားရမည်ဖြစ်ကြောင်း၊ အခြေခံပညာအဆင့် တက်ရောက်အောင်မြင်ပြီးချိန်တွင် ပြည်တွင်းရှိ တက္ကသိုလ်များသို့ တက်ရောက်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ရော်ဘာကိုအခြေခံ သောစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် သွားကြရန်လိုပြီး အဆင့်မြင့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင် ရန်လိုကြောင်း၊ အလားတူ ဒေသတွင်း အသားငါးများ လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်း များကိုလည်း ဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်မှလည်း လိုအပ်သည်များကို ထောက်ပံ့ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးနှင့် ပတ်သက်၍လည်း ကျေးလက်ဒေသများအဆင့်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် လမ်းညွှန်အမှာစကား

( ၂၇ - ၅- ၂၀၂၅ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါ၍ မေလ ၂၇ ရက်နေ့ ညနေပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာနရုံး အဆောက်အအုံတို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အဦသို့ ရောက်ရှိကြပြီး အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပြီးစီးမှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရုံးခန်းအဆောက်အဦများ၌ ထိခိုက်ပျက်စီးမှု၊ ရုံးအဆောက်အဦရှေ့၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်

လိုအပ်သည်များအား လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ လုပ်ငန်းလည်ပတ်မှုပြတ်တောက်မှု မရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရုံးခန်းများအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အဦပတ်လမ်းအတိုင်း ထိခိုက်ပျက်စီးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များဖြင့် စစ်ဆေးချက်များအရ ရုံးအဆောက်အဦအား အပိုင်းအလိုက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်မည့်အခြေအနေများ၊ ဖြိုချဖျက်ဆီးရမည့်အပိုင်းများကို စနစ်တကျဖြိုချဖျက်ဆီးသွားမည့်အခြေအနေများ၊ ရုံးအနောက်ဘက်ခြမ်း၌ မြေထိန်းနံရံကို စနစ်တကျဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အဦနှင့် အလုပ်သမားဝန်ကြီးဌာနရုံးအဆောက်အဦတို့သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကြီးမားခဲ့ရသည့် အဆောက်အဦများစာရင်း၌ ပါဝင်ကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အဦများဖြစ်စေရေးအတွက် ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များ၏အကြံဉာဏ်များရယူခြင်း၊ မြေအရည်အသွေးစမ်းသပ်စစ်ဆေးခြင်း၊ စနစ်တကျတွက်ချက်၍တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ကနဦးဆောင်ရွက်နိုင်သည့်လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်၍ရုံးအဆောက်အဦများပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေးဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

■ ■ ■

# မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ပြောကြားသည့်အမှာစကား

( ၂၉ - ၅ - ၂၀၂၅ )





မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ်မြောက် အလှူငွေများပေးအပ်လှူဒါန်းပွဲကိုမေလ ၂၉ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် (၁) မိနစ်ငြိမ်သက်**

ဦးစွာ အခမ်းအနားအစီအစဉ်အရ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊ အလှူရှင်များ၊ အခမ်းအနားတက်ရောက်လာကြသူများသည် (၁) မိနစ်ငြိမ်သက်စွာ ရပ်တန့်ကြသည်။

**သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခံစားခဲ့ရမှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုတွင် ထိခိုက်မှုရှိခဲ့ပြီး ခြောက်ခုတွင် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ကြရကြောင်း၊ ထိုကဲ့သို့ဘေးဒုက္ခ

ကြုံတွေ့နေရသည့် ပြည်သူများအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြခြင်းဖြစ်သည့်အတွက် အခမ်းအနားသည် မင်္ဂလာရှိသည့် အခမ်းအနားပင် ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုများကြောင့် ရေကြီးရေလျှံမှု၊ မုန်တိုင်းဝင်ရောက်မှု၊ မိုးခေါင်ရေရှားမှုများအနေဖြင့် နှစ်စဉ်နှစ်တိုင်းလိုလို ဖြစ်ပွားခဲ့ပြီး ပြီးခဲ့သည့်နှစ်များအတွင်း၌လည်း ၂၀၂၃ ခုနှစ်တွင် မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း၊ ယခု ၂၀၂၅ ခုနှစ်တွင်လည်း ပြင်းအား ၇ ဒသမ ၇ ရှိသည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့သောကြောင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများ များစွာရှိသကဲ့သို့ပြည်သူတစ်ဦးတစ်ယောက်ချင်းစီနှင့် မိသားစုများ၌လည်း ထိခိုက်နစ်နာဆုံးရှုံးမှုများစွာရှိခဲ့ကြောင်း။

**အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ**

ငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုတွင်ရှိသည့် ရပ်ကွက် ၃၇၄ ခု၊ ကျေးရွာအုပ်စု ၉၄၄ စု၊ ကျေးရွာ ၂၀၈၁ ရွာ၊ အိမ်ထောင်စု ၁၆၂၁၆၇ စု၊ လူဦးရေ စုစုပေါင်း ၅၀၆၀၆၉ ဦး ဘေးသင့်ခဲ့ပြီး သေဆုံးသူ ၃၇၃၉ ဦး၊ ပျောက်ဆုံးသူ ၆၈ ဦး၊ ဒဏ်ရာရသူ ၅၁၀၄ ဦးရှိကြောင်း။

ငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုတွင်ရှိသည့် ရပ်ကွက် ၃၇၄ ခု၊ ကျေးရွာအုပ်စု ၉၄၄ စု၊ ကျေးရွာ ၂၀၈၁ ရွာ၊ အိမ်ထောင်စု ၁၆၂၁၆၇ စု၊ လူဦးရေ စုစုပေါင်း ၅၀၆၀၆၉ ဦး ဘေးသင့်ခဲ့ပြီး သေဆုံးသူ ၃၇၃၉ ဦး၊ ပျောက်ဆုံးသူ ၆၈ ဦး၊ ဒဏ်ရာရသူ ၅၁၀၄ ဦးရှိ။

နေအိမ်၊ အဆောက်အအုံနှင့် အခြားထိခိုက်ပျက်စီးမှုများအနေဖြင့် လူနေအိမ် ၅၁၂၁၀ လုံး၊ လမ်းလုပ်ငန်း ၄၃၁ ခု၊ တံတား ၁၀၃ စင်း၊ ရထားလမ်းပျက်စီးနေရာ ၈၃ နေရာနှင့် ရထားလမ်းတံတား ၁၁ စင်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၃၀ ခု၊ မဟာဓာတ်အားလိုင်း ၁၀ လိုင်း၊ ဓာတ်အားလိုင်းတိုင် ၃၄၃၅ တိုင်၊ ဆည်မြောင်း ၅၉၄ ခု၊ တာတမံ ခြောက်ခု၊ ဌာနအဆောက်အအုံ ၁၁၃၃၈ လုံး၊ ဆေးရုံ ၃၈၄ ရုံ၊ ဆေးခန်း ၃၆၄ ခန်း၊ ဈေးဟောင်းအဆောက်အအုံနှင့် ပြတိုက် ၁၆၆ ခု၊ အခြေခံပညာကျောင်း ၂၄၀၉ ကျောင်း၊ အဆင့်မြင့်ပညာကျောင်း ၇၂ ကျောင်း၊ ပုဂ္ဂလိကစာသင်ကျောင်း ၉၀၊ ဘုရား စေတီ ၆၄၆၉ ဆူ၊ ဘုန်းကြီးကျောင်း သီလရှင်ကျောင်းနှင့် အခြားဘာသာရေးအဆောက်အအုံ ၅၅၈၈ ခု၊ ပုဂ္ဂလိကစက်ရုံ အလုပ်ရုံ ၃၄၄ ခု၊ သီးနှံ ၇၈ ဒသမ ၅ ဧက၊ တိရစ္ဆာန်အကောင် ၁၃၃၇၀၀ ကောင် ထိခိုက်ပျက်စီးခဲ့ရပြီး မူလပျက်စီးဆုံးရှုံးမှု တန်ဖိုးစုစုပေါင်းငွေကျပ် ၃၈၀၄ ဒသမ ၅၄၉ ဘီလီယံ ဖြစ်ကြောင်း။

**ကူညီကယ်ဆယ်ရေး၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး**

မတ်လ ၂၈ ရက်နေ့ ငလျင်လှုပ်ခတ်ပြီးချိန်၌ ငလျင်ဘေးသင့်ဒေသများနှင့် ထိခိုက်ဒဏ်ရာရလူနာများအား ဆေးရုံ၌ ကုသပေးနေမှုများကို မိမိကိုယ်တိုင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း၊ ငလျင်ဘေးသင့်ဒေသများသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်မှာ ယနေ့အထိ စုစုပေါင်း ၁၅ ကြိမ်ရှိခဲ့ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများနှင့် စီမံလမ်းညွှန်မှုများ ပေးခဲ့ကြောင်း။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင်လည်း အဆင့် ငါးဆင့် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းအင်အားစုများ အပြည့်အဝပါဝင်ခဲ့ကြကြောင်း၊ ထို့အပြင် ပြည်ပနိုင်ငံများမှ လာရောက်ကူညီကြသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆောက်အအုံများအတွင်း ပိတ်မိနေသူ ၆၅၃ ဦးကို အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၈၀၆ ဦးကို ဖော်ထုတ်ရှာဖွေပေးနိုင်ခဲ့ကြောင်း။

ငလျင်ဘေးဒဏ် တုံ့ပြန်ရေးဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန

(Disaster Management Centre-DMC) ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင်ရှိသည့် လုပ်ငန်းကော်မတီများအလိုက် တုံ့ပြန်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးခဲ့ကြောင်း၊ ဘေးသင့်ပြည်သူများအတွက် လတ်တလောယာယီနေထိုင်နိုင်ရေးဆောင်ရွက်ပေးခြင်း၊ သောက်သုံးရေလိုအပ်ချက်များဖြည့်ဆည်းပေးခြင်း၊ အခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို စျေးကားဖြင့် လှည့်လည်ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် အရေးပေါ်လိုအပ်ချက်ဖြစ်သည့် ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် မိုးမကျမီ ယာယီအမိုးအကာအောက်ရောက်ရှိစေရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ယာယီကျန်းမာရေးဆေးပေးခန်းများဖွင့်လှစ်ပြီး ပြည်သူလူထုကိုကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လိုအပ်သည့်ဆေးကုသမှုများ၊ ခွဲစိတ်ကုသခြင်းများကိုဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုကဲ့သို့ တုံ့ပြန်မှုများဆောင်ရွက်သည့်အခါတွင် နိုင်ငံတကာကလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဖိတ်ခေါ်လမ်းဖွင့်ပေးခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ AHA Centre၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ လာအိုနိုင်ငံ၊ Singapore Red Cross Society၊ နီပေါနိုင်ငံ၊ UAE နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့် အလှူပစ္စည်းများကို ငလျင်ဘေးသင့်ဒေသများတွင်ရှိသည့် လိုအပ်နေသည့် ပြည်သူများထံသို့ အချိန်မဆိုင်းဘဲ ဖြန့်ခွဲဆောင်ရွက်ပေးလျက်ရှိကြောင်း။

ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တိုင်းဒေသကြီး ပြည်နယ်များ၌ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်ထောက်ပံ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် အပျက်အစီးများ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် တစ်နိုင်ငံလုံးရှိပြည်သူများ စိတ်ထိခိုက်ခံစားနေရသည့်အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည့်ကာလဖြစ်သည့်အတွက်တည်ငြိမ်အေးချမ်းမှုလိုအပ်သောကြောင့်တပ်မတော်အနေဖြင့် ဧပြီလ ၂ ရက်နေ့မှစပြီး ယခုမေလကုန်ထိ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလ သတ်မှတ်ထုတ်ပြန်ထားကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကိုရှေးရှုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအနေဖြင့်လည်း

> နေအိမ်၊ အဆောက်အအုံနှင့် အခြားထိခိုက်ပျက်စီးမှုများအနေဖြင့် လူနေအိမ် ၅၁၂၁၀ လုံး၊ လမ်းလုပ်ငန်း ၄၁၁ ခု၊ တံတား ၁၀၃ စင်း၊ ရထားလမ်းပျက်စီးနေရာ ၈၃ နေရာနှင့် ရထားလမ်းတံတား ၁၁ စင်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၃၀ ခု၊ မဟာဓာတ်အားလိုင်း ၁၀ လိုင်း၊ ဓာတ်အားလိုင်းတိုင် ၃၄၃၅ တိုင်၊ ဆည်မြောင်း ၅၉၄ ခု၊ တာတမံ ခြောက်ခု၊ ဌာနအဆောက်အအုံ ၁၁၃၃၈ လုံး၊ ဆေးရုံ ၃၈၄ ရုံ၊ ဆေးခန်း ၃၆၄ ခန်း၊ ဈေးဟောင်းအဆောက်အအုံနှင့် ပြတိုက် ၁၆၆ ခု၊ အခြေခံပညာကျောင်း ၂၄၀၉ ကျောင်း၊ အဆင့်မြင့်ပညာကျောင်း ၇၂ ကျောင်း၊ ပုဂ္ဂလိကစာသင် ကျောင်း ၉၀၊ ဘုရားစေတီ ၆၄၆၉ ဆူ၊ ဘုန်းကြီးကျောင်း သီလရှင်ကျောင်းနှင့် အခြားဘာသာရေးအဆောက်အအုံ ၅၅၈၈ ခု၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ ၃၄၄ ခု၊ သီးနှံ ၇၈ ဒသမ ၅ ဧက၊ တိရစ္ဆာန်အကောင် ၁၃၃၇၀၀ ကောင် ထိခိုက်ပျက်စီးခဲ့ရပြီး မူလပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းငွေကျပ် ၃၈၀၄ ဒသမ ၅၄၉ ဘီလီယံဖြစ်။

ယာယီအားဖြင့် အပစ်အခတ် ရပ်စဲထားခြင်းအပေါ် အလေးထားစဉ်းစားပြီး လိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် အခါ၌လည်း လက်ရှိကြုံတွေ့နေရသည့် ဘေးအန္တရာယ် များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ် များအတွက်ပါ ကြိုတင်ထည့်သွင်းစဉ်းစားပြီး သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး လုပ်ငန်းများတွင် အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ မူလကတည်းက ထိထိရောက်ရောက်ကြိုတင်စီမံဆောင်ရွက် ခဲ့မည်ဆိုပါက သဘာဝဘေးကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် သုံးစွဲရသည့်ကုန်ကျစရိတ်ထက် ခုနစ်ဆခန့် လျော့နည်းသက်သာစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု သည် နိုင်ငံ့ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကိုပါ အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလိုကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ မြန်ဆန်ထိရောက်အောင်မြင်နိုင်မည်**

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ရေတိုရေရှည်အစီအမံများချမှတ်ပြီး မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့်ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှုမရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ အင်အားတစ်ခု တည်းဖြင့်ဆောင်ရွက်ရန်အကန့်အသတ်များရှိသောကြောင့် ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ ငလျင် ဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို မြန်မြန်ဆန်ဆန်နှင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဧပြီလ ၁ ရက်နေ့ ပထမအကြိမ် အလှူငွေပေးအပ် လှူဒါန်းပွဲအခမ်းအနားတွင် ပြည်တွင်းပြည်ပစေတနာရှင်၊ အလှူရှင်များက ကျပ်ငွေ ၁၁၂ ဒသမ ၈၇ ဘီလီယံ၊ အလှူ ပစ္စည်းတန်ဖိုး ၁၂ ဒသမ ၄ ဘီလီယံ၊ စုစုပေါင်းငွေကျပ် ၁၂၅ ဒသမ ၂၇ ဘီလီယံ လှူဒါန်းခဲ့ကြကြောင်း၊ မိမိတို့ မြန်မာ လူမျိုးများသည် ကိုယ်ချင်းစာတရားကြီးမားကြသူများ ဖြစ်ပြီး ဆင်းရဲဒုက္ခကို ထပ်တူထပ်မျှခံစားကာ အမြဲရိုင်းပင်း ကူညီတတ်ကြသူများဖြစ်ကြောင်း၊ ထို့အပြင် အလှူအတန်း တွင်လည်း ရက်ရက်ရောရော ပေးကမ်းလှူဒါန်းလေ့ ရှိသူများဖြစ်ကြောင်း။

ပြည်တွင်းပြည်ပမှ အားတက်သရော ထောက်ပံ့ လှူဒါန်းပေးကြသည့် စေတနာရှင်များ၊ အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်းလူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်မှုများသည် နိုင်ငံတော် အစိုးရ၏ဆောင်ရွက်မှုများအပေါ် များစွာအထောက်အကူ ဖြစ်စေကြောင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဘေးသင့်သူများ အတွက် စိတ်ခွန်အားများကိုပါ ရရှိစေခဲ့ကြောင်း၊ ထို့ကြောင့် အလှူရှင်များအားလုံးကို နိုင်ငံတော်နှင့် ငလျင်ဘေးသင့် သူများကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း ပြောကြား သည်။

■ ■ ■

# ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၃၀ - ၅- ၂၀၂၅ )





ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar : Post Earthquake Economic Recovery) ဖွင့်ပွဲအခမ်းအနားကို မေလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ Myanmar Narrative Think Tank နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာမှ သံတမန်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားအား "ပြန်လည်ထူထောင်ရေး" သီချင်းဖြင့် ဂုဏ်ပြုဖွင့်လှစ်ပြီး "မြေငလျင်ဘေးအလွန် အကျပ်အတည်းများအကြားမှ စီးပွားရေးအခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ကာ ကျော်လွှားကြမည်" Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တစ်မိနစ်ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဖိုရမ်ကြီးကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင်ဖြစ်ပေါ်လာမည့် ပြည်တွင်းပြည်ပ ဈေးကွက်စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများကို

သိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အခင်းအကျင်းနှင့် ပထဝီစီးပွားရေး အခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းက ထုတ်ကုန်ပစ္စည်းများကိုဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက် (၃) ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

မန္တလေးလျှောင်ကြီးကြောင့် သေဆုံးသူ ၃၇၃၉ ဦး၊ ထိခိုက်ဒဏ်ရာရသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးနေသူ ဖ၈ ဦး ရှိခဲ့ပါကြောင်း၊ မန္တလေးလျှောင်ကြီးလှုပ်ခတ်ပြီးပြီးချင်း၌ပင် ပျက်စီးဆုံးရှုံးမှုပမာဏများပြားသည်ကိုတွေ့ရသည့်အတွက် မိမိအနေဖြင့် ချက်ချင်းဆိုသကဲ့သို့ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများတွင် ပြည်တွင်းပြည်ပမှ အကူအညီများ ပေးအပ်နိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၃၁၀၉ ဒသမ ၃၁၇ ရရှိခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းပေါင်း ၁၀၇၀ ကျန်းမာရေး စောင့်ရှောက်ရေးပညာရှင်များနှင့် ဆရာဝန်များ ၂၈၇ ဦးတို့ လာရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြကြောင်း။

ငလျင်လှုပ်ပြီးချိန်တွင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကယ်ဆယ်ရေးဝန်ထမ်းများနှင့် အကူအညီများသည် လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းခရီးများမှတစ်ဆင့် ရောက်ရှိလာခဲ့ကြကြောင်း၊ ယင်းအတွက် မန္တလေးလျှောင်ကြီး ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီခဲ့ကြသည့် နိုင်ငံများမှ အစိုးရများနှင့် အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အလှူရှင်များနှင့် ကယ်ဆယ်ရေးဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်းကို နိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများကိုယ်စား ပြောကြားလိုကြောင်း၊ မန္တလေးလျှောင်ကြီးကြောင့် မိမိတို့နိုင်ငံ၏ လူမှုစီးပွား ပျက်စီးဆုံးရှုံးမှုများသည် အလွန်ကြီးမားခဲ့ကြောင်း၊ တွက်ချက်ထားမှု အရ ငွေကျပ် ၃၆၂၉ ဒသမ ၂၀၈ ဘီလီယံရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်နှင့် မိမိတို့အားလုံး ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် ဖိုရမ်သည် မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် မြန်မာ့စီးပွားရေးကို မည်သို့ပြန်လည်ကုစားမည်၊ မည်သို့ပြန်လည်ထူထောင်ကြမည်၊ ထိုသို့ ပြန်လည်ကုစား၊ ပြန်လည်ထူထောင်မှုများမှ မည်သည့်အခွင့်အလမ်းများရှိလာနိုင်မည်ကို လူမှုစီးပွားအမြင်ရှုထောင့်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာပညာရှင်များ၏ သုံးသပ်မှုများ၊ လက်တွေ့ထိခိုက်ခံစားခဲ့ရသည့် စီးပွားရေးနယ်ပယ်အသီးသီးမှ အကြံပြုချက်များကို စုစည်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့ ယခုနေရာကို စုဝေးရောက်ရှိလာကြခြင်းသည် မိမိတို့မည်မျှဆုံးရှုံးခဲ့သည်ကို တွက်ချက်ဖော်ပြဝမ်းနည်းနေကြခြင်းထက် မီးလျှံထဲက ဇာမဏီငှက်ကဲ့သို့ မိမိတို့ မည်သို့ပြန်လည်နိုးထရုန်းကန်ရှင်သန်ကြမည်၊ မည်သို့ ပြန်လည်တည်ဆောက်ကြမည်၊ ယင်းထက် အရေးကြီးသည်မှာ မည်သို့ပိုပြီး ကောင်းအောင်တည်ဆောက်ကြမည်

မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် မြန်မာ့စီးပွားရေးကို မည်သို့ပြန်လည်ကုစားမည်၊ မည်သို့ ပြန်လည်ထူထောင်ကြမည်၊ ထိုသို့ ပြန်လည် ကုစား၊ ပြန်လည်ထူထောင်မှုများမှ မည်သည့်အခွင့်အလမ်းများရှိလာနိုင်မည်ကို လူမှုစီးပွားအမြင်ရှုထောင့်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာပညာရှင်များ၏ သုံးသပ်မှုများ၊ လက်တွေ့ထိခိုက်ခံစားခဲ့ရသည့် စီးပွားရေး နယ်ပယ်အသီးသီးမှ အကြံပြုချက်များကို စုစည်းဆွေးနွေးသွားကြမည်ဖြစ်၊ မိမိတို့ မည်မျှဆုံးရှုံးခဲ့သည်ကို တွက်ချက်ဖော်ပြ ဝမ်းနည်းနေကြခြင်းထက် မီးလျှံထဲက ဇာမဏီငှက်ကဲ့သို့ မိမိတို့ မည်သို့ပြန်လည် နိုးထရုန်းကန်ရှင်သန်ကြမည်၊ မည်သို့ ပြန်လည်တည်ဆောက်ကြမည်၊ ယင်းထက် အရေးကြီးသည်မှာ မည်သို့ပိုပြီး ကောင်း အောင်တည်ဆောက်ကြမည် ဆိုသည်ကို နိုင်ငံချစ်စိတ်အခြေခံပြီး စည်းလုံးချစ်ခင် ရင်းနှီးစွာ ဆွေးနွေးတိုင်ပင်ကြရန်ပင်ဖြစ်။

ဆိုသည်ကို နိုင်ငံချစ်စိတ်အခြေခံပြီး စည်းလုံးချစ်ခင်ရင်းနှီးစွာ ဆွေးနွေးတိုင်ပင်ကြရန်ပင်ဖြစ်ကြောင်း။

မန္တလေးငလျင်ကြီးသည် ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုများဖြစ်ခဲ့ရုံမျှမက မိမိတို့၏လူမှုစီးပွားဘဝများ၊ သယ်ယူပို့ဆောင်ရေးများ၊ စွမ်းအင်များ၊ ဆက်သွယ်ရေးများကိုပါ ဖျက်ဆီးဖြတ်တောက်ခဲ့ကြောင်း၊ အသက်များဆုံးရှုံးခဲ့ရပြီး ငလျင်ဘေးသင့်ပြည်သူများသည် နေရပ်များယာယီရွှေ့ပြောင်းခဲ့ရကြောင်း၊ ပြည်သူများ၏ စိတ်ဓာတ်ခွန်အားကို ထိခိုက်စေခဲ့သကဲ့သို့ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင်လည်း ရိုက်ခတ်မှုများ အထိုက်အလျောက်ရှိခဲ့ကြောင်း၊ သို့သော်လည်း ယခုမိမိတို့သည် အင်အားရှိလှသည့် အမှန်တရားတစ်ခုနှင့် နိုးထလာခဲ့ကြကြောင်း၊ ယင်းအမှန်တရားသည် မြန်မာလူမျိုးများ၏ပြင်းပြသည့်စိတ်ဓာတ်နှင့် စုစည်းညီညွတ်မှုသည် ငလျင်ကြောင့် ကျိုးပဲ့ပျက်စီးသွားမှုမရှိဘဲ ကြံ့ကြံ့ခံပြီး ရင်ဆိုင်ကျော်လွှားသွားနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာပြောလိုကြောင်း။

မိမိ၏ ယခုဆွေးနွေးပြောဆိုမှုသည် တွေးတောစဉ်းစားမှုတစ်ခုသာမျှမကဘဲ လမ်းပြမြေပုံတစ်ခုအတွက် အုတ်မြစ်ချခြင်းဟုလည်းပြောလိုကြောင်း၊ မြန်မာနိုင်ငံ၏ ငလျင်ဘေးအလွန်စီးပွားရေး ပြန်လည်ကုစားကြရာတွင် မိမိတို့၏ စုပေါင်းရှုမြင်မှုများနှင့်အတူ ဆောင်ရွက်သင့်သည့် မဟာဗျူဟာမြောက် မဏ္ဍိုင်ကြီးသုံးရပ်ကို မိမိသုံးသပ်ပြောကြားလိုကြောင်း။

ယင်းသုံးရပ်မှာ ပထမမဏ္ဍိုင်အဖြစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပေးမှုများနှင့် လူမှုကာကွယ်ရေး (Humanitarian relief and social protection)၊ ဒုတိယမဏ္ဍိုင်အဖြစ် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် စီးပွားရေး ပြန်လည်ရှင်သန်ခြင်း (Infrastructure reconstruction and economic revival)နှင့် တတိယမဏ္ဍိုင်အဖြစ် ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ (Reform anchored in resilience and inclusivity) စသည်တို့ ဖြစ်ကြကြောင်း။

ပထမဆုံး မဏ္ဍိုင်ဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပေးမှုများနှင့် လူမှုကာကွယ်ရေးအနေဖြင့် ငလျင်သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီး မိမိတို့၏ ဦးစားပေးမှုသည် ရိုးရှင်းပြီး အဆောတလျင်လုပ်ရမည့်ကိစ္စဖြစ်သည့်အသက်များကို ကယ်တင်ရန်နှင့်

**မန္တလေးငလျင်ကြီးသည် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုများ ဖြစ်ခဲ့ရုံမျှမက မိမိတို့၏ လူမှုစီးပွားဘဝများ၊ သယ်ယူပို့ဆောင်ရေးများ၊ စွမ်းအင်များ၊ ဆက်သွယ်ရေးများကိုပါ ဖျက်ဆီးဖြတ်တောက်ခဲ့ ပြည်သူများ၏ စိတ်ဓာတ်ခွန်အားကို ထိခိုက်စေခဲ့သကဲ့သို့ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်တွင်လည်း ရိုက်ခတ်မှုများ အထိုက်အလျောက်ရှိခဲ့၊ သို့သော်လည်း မြန်မာလူမျိုးများ၏ ပြင်းပြသည့်စိတ်ဓာတ်နှင့် စုစည်းညီညွတ်မှုသည် ငလျင်ကြောင့် ကျိုးပဲ့ ပျက်စီးသွားမှုမရှိဘဲ ကြံ့ကြံ့ခံပြီး ရင်ဆိုင်ကျော်လွှားသွားနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာပြောလို။**

လူမှုအသိုက်အဝန်း တည်ငြိမ်မှုရရှိစေရန် မိမိတို့စတင်လုပ်ဆောင်ခဲ့ကြကြောင်း၊ အစိုးရအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများအကြားတွင် သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ကျယ်ကျယ်ပြန့်ပြန့်ရရှိအောင်ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆောင်ရွက်နေခြင်းများအပေါ်တွင် ပိုမိုထိရောက်အောင် အရှိန်မြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ငလျင်ကြီးကြောင့် လူပေါင်းခြောက်သိန်းခန့်အပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိခဲ့ပြီး လူထောင်ပေါင်းများစွာ အိုးအိမ်ရွှေ့ပြောင်းခဲ့ရကြောင်း၊ ငလျင်ဘေးကြီးမားစွာခံစားရသည့်ဒေသများတွင် ငလျင်လှုပ်အပြီး ၇၂ နာရီအတွင်း အရေးပေါ်ရွက်ဖျင်တဲများကို တည်ဆောက်ပေးခဲ့ကြောင်း၊ သန့်ရှင်းသည့်ရေ၊ အစားအသောက်နှင့် ဆေးဝါးများကိုလည်း ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ငလျင်ကြောင့် ပျက်စီးခဲ့သည့်

ဒေသများတွင် ရွှေ့ပြောင်းဆေးရုံနှင့် ဆေးခန်းများဖွင့်လှစ်နိုင်ခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများကို အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း၊ လူမှုအသိုက်အဝန်းကြား အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အသက်ဘေးက လွတ်မြောက်လာသူများ၏ စိတ်ထိခိုက်ခံစားမှုများအတွက် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုများကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့ကြကြောင်း။

သို့သော်လည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုသည်မှာ သက်သာသွားရုံဖြင့် ရပ်တန့်ပစ်၍မရကြောင်း၊ ယင်းအကူအညီများကို လူမှုကာကွယ်ရေးစနစ်တစ်ခုအတွင်းသို့ ကူးပြောင်းပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် ယာယီနေအိမ်မှ ငလျင်ဒဏ်ခံနိုင်သည့် အမြဲတမ်းနေအိမ်များ ဆောက်လုပ်ပေးခြင်း၊ နေရာရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည့် ကလေးငယ်များကို လုံခြုံစိတ်ချရသည့် ကျောင်းများနှင့် စာသင်ခန်းများတွင် တက်ရောက်နိုင်စေရေးဆောင်ရွက်ပေးခြင်းနှင့် ပင်မဝင်ငွေဆုံးရှုံးခဲ့ရသည့် မိသားစုများအတွက် အရေးပေါ်အသက်မွေးဝမ်းကျောင်းထောက်ပံ့ငွေများ ပံ့ပိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသည် လူမှုအကာအကွယ်ပေးမှုအစီအစဉ်၏ အစိတ်အပိုင်းများဟု ပြောနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပထမမဏ္ဍိုင်သည် ပြည်သူ့အရေးဦးတည်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ဒုတိယမဏ္ဍိုင်ဖြစ်သည့် အခြေခံအဆောက်အအုံများပြန်လည်တည်ဆောက်ခြင်းနှင့် စီးပွားရေးပြန်လည်ရှင်သန်စေရန်ကိုလည်း ဆောင်ရွက်နေကြောင်း၊ ငလျင်ကြောင့်ဖြစ်ပေါ်ရသည့် စီးပွားရေးကဏ္ဍ ထိခိုက်ဆုံးရှုံးမှုများသည်ကြီးမားလှကြောင်း၊ လမ်းများသည် ဆိုးဆိုးရွားရွားပျက်စီးခဲ့ပြီး တံတားများပြိုကျခဲ့ကြောင်း၊ MSME များမှအစ စက်ရုံအလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းကြီးများ ထိခိုက်ပျက်စီးခဲ့ကြကြောင်း။

သို့သော်လည်း အကျပ်အတည်းများထဲမှ အခွင့်အလမ်းများရှိနေသည်ကို မိမိတို့သတိပြုရမည်ဖြစ်ကြောင်း၊ ယခုအချိန်သည် ပြန်လည်တည်ဆောက်ရုံသက်သက်ကာလ မဟုတ်ကြောင်း၊ ပိုမိုပြီးကောင်းမွန်သည့် ပိုမိုပြီးစိမ်းလန်းသည့် လူမှုဝန်းကျင်များကို ပြန်လည်တည်ဆောက်နိုင်မည့် အခွင့်အလမ်းများလည်းရှိနေကြောင်း၊ မိမိတို့သည် ကြံ့ကြံ့ခံသည့် အခြေခံအဆောက်အအုံများဖြင့် ပြန်လည်ထူထောင်ရေး အမျိုးသားအဆင့်အစီအစဉ်ကို စနစ်တကျလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်တွင် ပြည်တွင်းရန်ပုံငွေများ၊ အစိုးရနှင့် ပုဂ္ဂလိကတို့၏ မိတ်ဖက်ဆောင်ရွက်မှုများ (public–private partnerships) နှင့် နိုင်ငံတကာအကူအညီများကို ထည့်သွင်းပါဝင်စေပြီး အဓိကကျသည့် နယ်ပယ်(၅)ခုတွင် ပြန်လည်ထူထောင်ရေးများ ဦးစားပေးလုပ်ဆောင်သင့်ကြောင်း။

ယင်းနယ်ပယ်များမှာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအင်၊ စိုက်ပျိုးရေး၊ တယ်လီဖုန်း ဆက်သွယ်ရေးနှင့် အများပြည်သူပိုင်အဆောက်အအုံများပင် ဖြစ်ကြကြောင်း၊ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့်အတူ မိမိတို့သည် မြန်မာ့စီးပွားရေး၏ ကျောရိုးပမာဖြစ်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ပြန်လည်ရှင်သန်လာအောင်လည်း အာရုံစိုက် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့သည် ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများမှတစ်ဆင့် ရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှုကိုပြန်လည်တည်ဆောက်နိုင်ကြမည်ဟုလည်း မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ပြန်လည်ထူထောင်ရေး ဖိုရမ်ကဲ့သို့ ပွဲမျိုးကျင်းပခြင်းဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သောဖိုရမ်တွင် ပြန်လည်ထူထောင်ရေးဇုန် (Recovery zones)များကို သတ်မှတ်ခွင့်ပြုခြင်း၊ လုပ်သာကိုင်သာရှိသည့် သက်သာခွင့်မက်လုံးပေးခြင်းနှင့် ESG–focused regulations ဟုခေါ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဝန်းကျင်ဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်မှုကောင်းမွန်ရေးအခြေခံသည့် လုပ်ထုံးလုပ်နည်းများကိုပါ ဖော်ထုတ်ပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည်ဟု ယူဆကြောင်း။

တတိယမဏ္ဍိုင်အနေဖြင့် ပြုပြင်ပြောင်းလဲမှုများနှင့် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ပြုခြင်း (Reform and Global Partnerships) အစီအစဉ်များပင်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ခြင်းဟု ဆိုလိုက်ပါက ရုပ်ပိုင်းဆိုင်ရာထက်ကျော်လွန်ပြီး အဓိပ္ပာယ်သက်ရောက်မှုရှိသည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ခြင်းသည် ပြုပြင်ပြောင်းလဲခြင်းနှင့် ပြန်လည်အသစ်တည်ခြင်းတို့၏ လုပ်ငန်း

စဉ်တစ်ခုဟု ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာ၌ မိမိတို့သည် ကာလရှည်ချဉ်းကပ်မှုကြီးသုံးခုကို လုပ်ဆောင်သင့်ပြီး ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်အတွက် အသင့်ပြင်ဆင်ထားရှိမှု၊ ငွေကြေးဘဏ္ဍာရေးအရ တာဝန်ယူမှု တာဝန်ခံမှုနှင့် အားလုံးခြုံငုံသည့် ဖွံ့ဖြိုးတိုးတက်မှုများပင်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ် အသင့်ပြင်ဆင်ထားရှိမှုကို ချဉ်းကပ်လုပ်ဆောင်ရာတွင် မိမိတို့သည် သဘာဝဘေးအန္တရာယ်မြင့်မားမှုရှိနေသည့် နေရာပြ အမျိုးသားအဆင့်မြေပုံတစ်ခုကို နောက်ဆုံးအချက်အလက်များနှင့်အတူ ရေးဆွဲပြီး အခြေခံဆောင်ရွက်သင့်ကြောင်း၊ အချက်ပေးစနစ်များ စောစီးစွာ တပ်ဆင်ကြရမည်ဖြစ်ပြီး ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ပြီး ပြန်လည်ရေးဆွဲကြရန်လိုကြောင်း။

ဘဏ္ဍာရေးဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုရာတွင်လည်း မိမိတို့သည် ပြန်လည်တည်ဆောက်ရေး ရန်ပုံငွေများ ခွဲဝေသုံးစွဲမှုများကို ထင်သာမြင်သာရှိစေရမည်ဖြစ်ပြီး အလေအလွင့်မရှိစေရေးနှင့် တိုးတက်ရေးအတွက် အမြဲစောင့်ကြပ်ကြည့်ရှုမည့် ယန္တရားများကိုလည်း ဖွဲ့စည်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တတိယချဉ်းကပ်မှုဖြစ်သည့် အားလုံးခြုံငုံပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုဟူသည်မှာ အမျိုးသမီးများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ပြည်သူအားလုံး ခြုံငုံပါဝင်စေမည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း။

မိမိတို့၏ ပြန်လည်ထူထောင်ခြင်းအစီအစဉ်များကို ဆောင်ရွက်ကြသည့်အခါ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ မိတ်ဖက်များနှင့်အတူ လက်တွဲဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အာဆီယံနှင့် ဒေသတွင်း နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ငလျင်ဘေးပြန်လည်ထူထောင်ခြင်းကို ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံဆောင်ရွက်ကြရန်လိုအပ်သည်ကိုလည်း သုံးသပ်ပြောကြားလိုကြောင်း၊ ပြန်လည်တည်ဆောက်ခြင်းဟူသည်မှာ ပြန်လည်နာလန်ထူအောင် လုပ်ဆောင်ခြင်းသာမကဘဲ အနာဂတ်တွင် လုံခြုံအာမခံမှုရှိသည့် နိုင်ငံတစ်နိုင်ငံကို ဖန်တီးတည်ဆောက်ခြင်းလည်း ဖြစ်သည်ဟု ပြောလိုကြောင်း၊ အနာဂတ်တွင် အခြေခံအဆောက်အအုံများသည် ကြံ့ကြံ့ခံနိုင်ပြီး အုပ်ချုပ်မှုတွင် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် မျှတစွာဖွံ့ဖြိုးတိုးတက်သည့် အခြေခံကောင်းများရှိနေရမည်ဖြစ်ကြောင်း။

မိမိတို့အစီအစဉ်တွင် ပါဝင်ကြရန်အတွက် ဒေသတွင်းနှင့် နိုင်ငံတကာ မိတ်ဖက်များအနေဖြင့် မိမိတို့ကို ထောက်ခံအားပေးရုံမျှမကဘဲ "အမြင်သစ်မြန်မာနိုင်ငံ" (A new vision of Myanmar)အတွက် မိမိတို့နှင့်အတူ ရင်းနှီးမြှုပ်နှံပေးကြရန် ဖိတ်ခေါ်လိုကြောင်း၊ ယင်းအနာဂတ်မြန်မာနိုင်ငံကို ပိုပြီးစည်းလုံးညီညွတ်သည့်၊ ပိုပြီးခြုံငုံပါဝင်ကြသည့်၊ အနာဂတ်ကို အသင့်ဖြစ်နေမှု ပိုပြီးခိုင်မာနေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် မိမိတို့ပုံဖော်တည်ဆောက်လိုပြီး တည်ဆောက်ရန်လည်းလိုအပ်ပါကြောင်း။

မိမိတို့ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေး

> **မိမိတို့အနေဖြင့် စီးပွားရေးမြှင့်တင်ရေးကို ကြိုးစားရမည်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ကြိုးစားရမည်ဖြစ်၊ ယင်းကို ဖြေရှင်းနိုင်သည့် နည်းလမ်းမှာ ကုန်ထုတ်လုပ်မှုပင်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုမရှိဘဲ ကုန်ဈေးနှုန်း ကျဆင်းရန်မှာ မည်ကဲ့သို့မျှ မဖြစ်နိုင်၊ ဝယ်လိုအားနှင့်ရောင်းလိုအား၊ ထုတ်လုပ်မှုနှင့် သုံးစွဲမှုတို့မျှတအောင် မိမိတို့အရင်းဖြင့် ဦးစွာဆောင်ရွက်ရမည်ဖြစ်၊ မိမိတို့အနေဖြင့် စီမံကိန်းစီးပွားရေးစနစ်ကို သွားသည့် နိုင်ငံတစ်ခုမဟုတ်ဘဲ ဈေးကွက် စီးပွားရေးစနစ်ကိုသွားသည့်နိုင်ငံဖြစ်၊ အစိုးရအနေဖြင့် မူဝါဒချမှတ်ပေးခြင်းသာ ဖြစ်ပြီး ပုဂ္ဂလိကများ၊ လုပ်ငန်းရှင်များက လုပ်ဆောင်ရမည်ဖြစ်ကာ ထိုသို့ လုပ်ဆောင်နိုင်မှသာလျှင် ကုန်ဈေးနှုန်းများ ကျဆင်းနိုင်မည်ဖြစ်။**

ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပြသခဲ့ကြသည့် ပြည်သူများ၏ ရဲစွမ်းသတ္တိ၊ စည်းလုံးညီညွတ်မှုနှင့် ဖွဲ့လုံ့လများသည် မိမိတို့နိုင်ငံအတွက် အကြီးမားဆုံးသော အမျိုးသားအရင်းအနှီးများဖြစ်သည်ဟု ဂုဏ်ပြုပြောကြားလိုကြောင်း၊ နိုင်ငံကို ပြန်လည်ထူထောင်ကြမည့်ခရီးရှည်တွင် မိမိတို့ပြည်သူများသည် မိမိတို့ကို ဦးဆောင်ခေါ်သွားမည့် ယုံကြည်မှုအလင်းတန်းများ ဖြစ်ကြသည်ဟုလည်း တင်စားပြောကြားလိုကြောင်း၊ မိမိတို့ ပြည်သူများအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး ကျရောက်လာသည့်အချိန်တွင် ယခုကဲ့သို့ " We are Stronger, We are Together" ဟူသည့် စိတ်သဘောထားခံယူချက်များကို ဆက်လက်မွေးမြူပြီး ကြံ့ကြံ့ခံကျော်လွှားပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုဆွေးနွေးပွဲကြီး၏ရလဒ်များသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို လှပစွာပုံဖော်ရာ၌ အားကောင်းသည့် ကောက်ကြောင်းပုံရိပ်များအဖြစ် အကျိုးပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဆွေးနွေးပွဲမှရရှိလာသည့် အတွေးအမြင်များ၊ ဗဟုသုတများ၊ ရလဒ်ကောင်းများကို မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ချမှတ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်အောင် ဝိုင်းဝန်းကြံဆောင်ပေးကြရန်နှင့် အနာဂတ်နိုင်ငံတော်ကြီးကို ပိုမိုလှပသည့် အနာဂတ်ကို ပိုမိုထွန်းလင်းသော အလင်းတန်းများနှင့်အတူ ဖန်တီးပုံဖော်တည်ဆောက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် အနည်းငယ်ဖြည့်စွက်ဆွေးနွေးပြောကြားလိုကြောင်း၊ သဘာဝဘေးဒဏ်များ ကြုံတွေ့ရမှုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရတာဝန်ယူဆောင်ရွက်ပြီးချိန်နောက်ပိုင်း ရာသီဥတုဖောက်ပြန်မှုများကြောင့်သာမကဘဲ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကိုပါ ကျော်လွှားခဲ့ရကြောင်း၊ အလားတူ နိုင်ငံရေး သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများကိုလည်း ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းအထိ ကျော်လွှားခဲ့ရကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲများကိုလည်း ကျော်လွှားနေရဆဲဖြစ်ကြောင်း။

အလားတူ ၂၀၂၃ ခုနှစ်တွင် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးဒဏ်များကို ခံစားခဲ့ရကြောင်း၊ ယခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့်ဒေသများတွင် မန္တလေးတိုင်းဒေသကြီး၌ ထိခိုက်ပျက်စီးမှု ပိုမိုများပြားခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ဒုတိယစီးပွားရေးအကြီးဆုံးမြို့တော်ဖြစ်ကြောင်း၊ ၎င်းဒေသ၌ အလတ်စားအဆင့် ဘိလပ်မြေနှင့် သံမဏိထုတ်လုပ်ခြင်းများရှိပြီး ငလျင်ကြောင့် ထိခိုက်ခဲ့ရကြောင်း၊ ဘိလပ်မြေနှင့်သံမဏိများသည် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် ပစ္စည်းများဖြစ်၍ အမြန်ဆုံး ပြန်လည်ပြုပြင်၍ လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်တွင် ဘိလပ်မြေဈေးများမှာ မြင့်တက်လာသဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ သံနှင့်ပတ်သက်၍လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းများအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မှုမရှိသေးသဖြင့် ပြည်ပနိုင်ငံများမှ အကူအညီများရရှိနိုင်ရေး မိမိအနေဖြင့် အသိပေးဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း။

စက်ရုံအလုပ်ရုံများ လည်ပတ်နိုင်ရေး ကုန်ကြမ်း၊ သွင်းအားစုများဖြစ်ကြသည့် လောင်စာနှင့် လျှပ်စစ်ဓာတ်အား၊ ရင်းနှီးမြှုပ်နှံမှုငွေကြေးနှင့် လုပ်အားများလိုအပ်ကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ဒေသတွင်းထုတ်လုပ်နိုင်သည့် ကုန်ကြမ်းများဖြင့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံချိန်များ၌ မိမိအနေဖြင့် အမြဲတိုက်တွန်းပြောကြားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်လာနိုင်မည်ဆိုပါက ပြည်တွင်း၌ ကုန်ပစ္စည်းများပေါများလာမည်ဖြစ်ကြောင်း၊ စက်ရုံ အလုပ်ရုံများလည်ပတ်မှုရှိနေပါက အလုပ်အကိုင်အခွင့်အလမ်းများပေါများပြီး ငွေကြေးလည်ပတ်မှုများကို ကောင်းမွန်လာစေကာ ဝယ်လိုအားနှင့် ရောင်းလိုအားများလည်း မျှတကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများလည်ပတ်၍ ငွေကြေးလည်ပတ်မှုများ ကောင်းမွန်အောင် မဖြစ်မနေဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒုတိယ

အကြီးမားဆုံး ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်မြေဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်း ပိုမိုအာရုံစိုက်၍ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ GDP မှာ နည်းပါးနေသေးကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ပြည်တွင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချသည့်ပစ္စည်းများတွင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့်ပစ္စည်းများ ပိုမိုထုတ်လုပ်တင်ပို့ရောင်းချနိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှု၌ ၂ ဒသမ ၃ ဘီလီယံခန့် ပိုငွေပြခဲ့ကြောင်း၊ သို့သော် Non Trade တွင် လိုငွေပြသမှုများပြားကြောင်း၊ မိမိတို့အစိုးရလက်ထက် ၄ နှစ်အတွင်း ပထမနှစ်တွင် ကုန်သွယ်မှုပိုငွေပြပြီး ဒုတိယနှင့် တတိယနှစ်တို့တွင် ကုန်သွယ်မှုလိုငွေများပြခဲ့ကြောင်း၊ စတုတ္ထနှစ်တွင် ကုန်သွယ်မှုပိုငွေပြခဲ့ပြီး စုစုပေါင်း ၄ နှစ်တာကာလအတွင်း ကုန်သွယ်မှုပိုငွေပြခဲ့ကြောင်း၊ သို့သော် Non Trade တွင် လိုငွေပြမှုများကြောင့် နိုင်ငံခြားငွေဈေးများ မြင့်တက်နေခြင်းဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပွားရခြင်းများကို စိစစ်သည့်အခါတွင် ပြည်ပသို့ ထွက်ခွာမှုများ များပြားသည်ကိုတွေ့ရပြီး နိုင်ငံခြားငွေသုံးစွဲမှုများပြားကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေများ ပြန်လည်ရရှိစေရေး စက်ရုံအလုပ်ရုံများ လည်ပတ်၍ ပို့ကုန်များ ပိုမိုတိုးတက်အောင်တင်ပို့နိုင်အောင် ထုတ်လုပ်သွားရန်လိုကြောင်း။

ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ဆောင်ရွက်နေကြသူများအနေဖြင့် ပိုမိုလည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိ၏ စီးပွားရေးနှင့်ပတ်သက်သည့်မူဝါဒမှာ "ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေး ပိုမိုကောင်းမွန်ရမည်"ဖြစ်ကြောင်း၊ သို့မှသာ ဈေးကွက်တွင် ရောင်းအားများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ အရေအတွက်များများ ရောင်းချထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ပြည်တွင်းထုတ်ကုန်များကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ Non Trade မှ လိုငွေများတွင် ပြည်ပမှ တရားမဝင်ပစ္စည်းတင်သွင်းမှုများလည်းပါဝင်ပြီး တရားမဝင် ရောင်းဝယ်မှုများရှိကြောင်း၊ ပြည်ပမှ မှာယူတင်သွင်းသည့် ပစ္စည်းများပြားနေသည်ကို တွေ့မြင်နေရပြီး ယင်းနေရာတွင် ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြင့် အစားထိုးနိုင်ရေး လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်ခန့်ကတည်းက MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အရည်အသွေးမြင့် MSME ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိနေသည်ကို မိမိတို့အနေဖြင့် တွေ့မြင်ရကြောင်း၊ သို့သော်လည်း အဆိုပါထုတ်ကုန်ပစ္စည်းများသည် စားသောက်ကုန်ကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းအများစုဖြစ်နေသည်ကို တွေ့မြင်ရကြောင်း၊ နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုနိုင်မည့် MSME ထုတ်ကုန်ပစ္စည်းများကို ဆက်လက်တိုးမြှင့်ထုတ်လုပ်သွားကြရန်လိုအပ်မည်ဟု ပြောကြားလိုကြောင်း။

ရင်းနှီးမြှုပ်နှံမှုငွေကြေးများနှင့်ပတ်သက်၍ ငလျင်

**စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိခြင်းကြောင့် နိုင်ငံ့ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၈ ဘီလီယံမှ ၁၁ ဘီလီယံအထိ ဆုံးရှုံးမှုရှိနေ၊ ထို့အတူ သီးထပ်စွမ်းအားများ ပြည့်မီရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်၊ မိမိတို့နိုင်ငံ၏ ပထဝီဝင်တည်ရှိနေမှုအနေအထားအရ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ ကြီးမားသည့် ဈေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးသွားကြစေလို။**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုငွေများ လိုအပ်မည်ဖြစ်ပြီး ပုဂ္ဂလိကနှင့် အစိုးရပူးပေါင်း၍ ချေးငွေများဆောင်ရွက်ပေးနိုင်ရန် တင်ပြမှုများရှိကြောင်း၊ အတိုးများ တွက်ချက်ရာတွင် Developing နှင့် Commercial ဟူ၍ရှိမည်ဖြစ်ပြီး Developing လုပ်ငန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ Commercial နှင့်ပတ်သက်၍လည်း နှစ်ပိုင်းရှိမည်ဖြစ်ပြီး လျှော့ဒဏ်သင့် ဒေသများတွင်ရှိသည့် Commercial အတိုးနှုန်းနှင့် အခြား ဒေသများရှိ Commercial အတိုးနှုန်းဟူ၍ဖြစ်ကြောင်း၊ ဖြစ်နိုင်သ၍ အတိုးနှုန်းသက်သက်သာသာဖြင့် ဖြစ်စေရေး တာဝန်ရှိသူများ၊ အတွေ့အကြုံရှိသူများအနေဖြင့် ဆွေးနွေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် လျှော့ ဒဏ်သင့်ဒေသများအတွက် ချေးငွေများ ဆောင်ရွက်ပေး နိုင်ရေး ငွေကျပ် ဘီလီယံ ၇၀၀ ကိုလျာထားပြီး ရင်းနှီး မြှုပ်နှံမှုများအတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့်ပတ်သက်၍လည်း မိမိတို့ထံတွင် လက်ကျန်ငွေကျပ် ၂၆ ဘီလီယံခန့်ရှိကြောင်း၊ ယင်းငွေများကို အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက်လည်း ထုတ်ပေးသွားလိုကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကို စက်ရုံ၊ အလုပ်ရုံများတွင် အကျိုးရှိရှိသုံးစွဲသွား နိုင်ရေးအတွက်လည်း ထည့်သွင်းဆွေးနွေးပေးစေလို ကြောင်း။

မိမိတို့အနေဖြင့် စီးပွားရေးမြှင့်တင်ရေးကို ကြိုးစား ရမည်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း ကုန်ဈေးနှုန်းကျဆင်း ရေးအတွက် ကြိုးစားရမည်ဖြစ်ကြောင်း၊ ယင်းကို ဖြေရှင်း နိုင်သည့်နည်းလမ်းမှာ ကုန်ထုတ်လုပ်မှုပင်ဖြစ်ပြီး ကုန်ထုတ် လုပ်မှုမရှိဘဲ ကုန်ဈေးနှုန်းကျဆင်းရန်မှာ မည်ကဲ့သို့မျှ မဖြစ်နိုင်ကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား၊ ထုတ်လုပ်မှုနှင့် သုံးစွဲမှုတို့မျှတအောင် မိမိတို့အရင်းဖြင့် ဦးစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသ အလိုက် ဒေသတွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ အနေဖြင့် စီမံကိန်းစီးပွားရေးစနစ်ကိုသွားသည့် နိုင်ငံ တစ်ခုမဟုတ်ဘဲ ဈေးကွက်စီးပွားရေးစနစ်ကိုသွားသည့် နိုင်ငံဖြစ်ကြောင်း၊ အစိုးရအနေဖြင့် မူဝါဒချမှတ်ပေးခြင်း သာဖြစ်ပြီး ပုဂ္ဂလိကများ၊ လုပ်ငန်းရှင်များက လုပ်ဆောင် ရမည်ဖြစ်ကာ ထိုသို့လုပ်ဆောင်နိုင်မှသာလျှင် ကုန်ဈေး နှုန်းများကျဆင်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားရေး၊ သောက်ရေးတို့အတွက်လိုအပ်သည့် ကုန်ထုတ်လုပ်မှု များကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းများ ပြည့်မီအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် နိုင်ငံ့ဝင်ငွေအနေဖြင့် အမေရိကန် ဒေါ်လာ ၈ ဘီလီယံမှ ၁၁ ဘီလီယံအထိ ဆုံးရှုံးမှုရှိနေကြောင်း၊ ထို့အတူ သီးထပ်စွမ်းအားများ ပြည့်မီရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ မွေးမြူရေး လုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ကုန်ထုတ် လုပ်မှုစွမ်းအား မြင့်တက်လာမည်ဖြစ်ပြီး အရည်အသွေး ပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ ပိုမိုတင်ပို့ သွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပထဝီဝင်တည်ရှိ နေမှုအနေအထားအရ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း နိုင်ငံများ၏ ကြီးမားသည့်ဈေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင် ရွက်သွားနိုင်ရေး ဆွေးနွေးသွားကြစေလိုကြောင်း။

ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ အဆောက် အအုံများ၊ လမ်း၊ တံတားများရှိပြီး ထိခိုက်ပျက်စီးခဲ့ရမှု များကို သင်ခန်းစာယူကြရန်လိုကြောင်း၊ နောင်အနာဂတ် တွင် အဆောက်အအုံများ ဆောက်လုပ်ရာ၌ ရစ်(ချ်)တာ စကေး ၈ အဆင့်အထိ ခံနိုင်ရည်ရှိသည့် အဆောက်အအုံ များကို ဆောက်လုပ်သွားရန် မူဝါဒချမှတ်ပေးထားပြီး ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အနာဂတ် နိုင်ငံသားများ အတွက်သာဖြစ်ကြောင်း၊ တာဝန်ရှိသူများ အနေဖြင့်လည်း စနစ်တကျဖြင့် ကြပ်မတ်ကွပ်ကဲသွား ကြရန်လိုကြောင်း၊ လျှော့သဘာဝဘေးနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြ ရာတွင် ငွေကြေးကုန်ကျမှုများကိုမကြည့်ဘဲ ယခုထက် ပိုသည့်၊ စိတ်ချရသည့်၊ ခိုင်ခံ့မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်ခြင်းသာဖြစ်သည်ဟု ခံယူဆောင်ရွက်သွား ကြရန်လိုကြောင်း၊ ယခုဆွေးနွေးပွဲတွင် လျှော့သဘာဝ ဘေးအလွန် ပြန်လည်ထူထောင်ခြင်းနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ဆောင်ရွက်ရန် လိုအပ်သည်ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် အကြံပြုတိုက်တွန်းလိုကြောင်းဆွေးနွေး ပြောကြားသည်။

■ ■ ■

# လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အနောက်ပိုင်းနည်းပညာ တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၃၁ - ၅- ၂၀၂၅ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မေလ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမပေါ်ရှိ ဘုရင့်နောင်တံတားအဆင်းအနီး ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်းထိပ်သို့ ရောက်ရှိပြီး လူသွားစင်္ကြံအသစ်ခင်းကျင်းဆောင်ရွက်ထားရှိမှုနှင့် လမ်းဘေးဝဲယာ၌ ရေနုတ်မြောင်းအဆင့်မြှင့်တင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအား နုန်းများဆယ်တင်ခြင်းနှင့် ချောင်းဖြောင့်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့နေရာများ၌ ရေများစီးဆင်းမှုမရှိဘဲ ပိတ်ဆို့လျက်ရှိသဖြင့် အလွယ်တကူစီးဆင်းသွားနိုင်မည့်ပုံစံနှင့် ရေမြောင်း level တို့ကို စနစ်တကျဖြင့် သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ယခု ရန်ကုန်-ပုသိမ်လမ်းမကြီးသည် အသွားအလာများသည့် ပင်မလမ်းမကြီးဖြစ်သဖြင့် လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေးကိုဖော်ဆောင်ကာ လှိုင်သာယာမြို့နယ်၏ သန့်ရှင်းသာယာလှပမှုနှင့် စည်းကမ်းစနစ်တကျရှိမှုတို့ကိုပြသ၍ ဂုဏ်ယူကြရန်လိုကြောင်းနှင့် အခြား

လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ရန်ကုန်-ပုသိမ်လမ်းမပေါ်ရှိ ကနောင်မင်းသားကြီး လမ်းထိပ်နေရာ၌ တောင်ဘက်ခြမ်း၊ လမ်းဖြတ်ကူးတံတား ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လူသွားစင်္ကြံအသစ် ခင်းကျင်းထားရှိမှုအခြေအနေများ၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လူသွားစင်္ကြံ ခင်းကျင်းထားရှိမှုမှာ ကောင်းမွန်ပြီး လူသွားစင်္ကြံပေါ်၌ တည်ရှိနေသည့် လျှပ်စစ်ဓာတ်အားပေးတိုင်များကို စင်္ကြံဧရိယာပြင်ပသို့ ရွှေ့ပြောင်းသွားရန်နှင့် ရေနုတ်မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေးတို့အတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ရန်ကုန်-ပုသိမ် လမ်းမအတိုင်း ဆက်လက်ထွက်ခွာလာခဲ့ပြီး သောင်ကြားချောင်းတံတားနေရာသို့ ရောက်ရှိကာ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်အဝင်လမ်းမကြီးနှင့် လူသွားစင်္ကြံ ခင်းကျင်းထားရှိမှုအခြေအနေများ၊ အဝင်လမ်းတစ်လျှောက် သစ်ပင်ပန်းမန်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် တက္ကသိုလ်ဆောင်ပတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် ဆရာဆရာမများအား တွေ့ဆုံ၍ တက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ကြားလျက်ရှိမှု အခြေအနေများကို မေးမြန်းသည်။ ယင်းနောက် တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ တက္ကသိုလ်ဆိုင်ရာ တင်ပြချက်များ တင်ပြမှုအပေါ် တက္ကသိုလ်၌ တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ၏ သွားလာမှုအဆင်ပြေစေရေး၊ အိပ်ဆောင်များ ကောင်းမွန်မှုရှိစေရေးတို့ကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်အနေဖြင့် လှိုင်သာယာမြို့နယ် ရေစီးရေလာကောင်းမွန်စေရေးနှင့်ပတ်သက်၍လည်း သုတေသနပြုဆောင်ရွက်သွားရန်လိုပြီး မြို့ပြအင်ဂျင်နီယာဘွဲ့တန်း တက်ရောက်နေသော နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများကိုအဖွဲ့များခွဲ၍ အပိုင်းအလိုက်သုတေသနပြုအဖြေရှာဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

## လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘုရင့်နောင်ပန်းခြံသို့ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လှိုင်သာယာမြို့နယ် အကွက်ချပုံစံငယ်အားကြည့်ရှု၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပန်းခြံရှင်းလင်းဆောင်ခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်မြို့တော်ဝန်တို့က လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရန် လမ်းညွှန်ချက်များအား ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇလားပုံကွန်ကရစ်ရေမြောင်းများ ဖောက်လုပ်ဆောင်ရွက်လျက်ရှိမှု၊ ရေမြောင်းများအတွင်း အမှိုက်များနှင့် ချုံနွယ်များ ပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိမှု၊ ရန်ကုန်-ပုသိမ်လမ်းမကြီး တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရေထိန်းတံခါးများတပ်ဆင်ထားရှိမှု၊ RC Box Culvert များ တည်ဆောက်လျက်ရှိမှု၊ ညောင်တုန်းလမ်းဝဲယာရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ရွှေပြည်သာတံတား လမ်းဘေးဝဲယာ လှိုင်မြစ်ထွက်ပေါက်ရေမြောင်းများ ဆောက်လုပ်ထားရှိမှု၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ထားရှိမှု၊ ရန်ကုန်-ပုသိမ်လမ်းနှင့် ညောင်တုန်းလမ်းဝဲယာ၌ လူသွားစင်္ကြံများပြုလုပ်လျက်ရှိမှု၊ လူကူးတံတားများ

တည်ဆောက်ပေးလျက်ရှိမှု၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ပတ်လမ်းအား နိုင်လွန်ကတ္တရာခင်းကျင်းပြီးစီးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြစီမံကိန်းတစ်ရပ်ကို စနစ်တကျရေးဆွဲ ဆောင်ရွက်သွားရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ၂၀၂၃ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခဲ့မှုများကို စနစ်တကျဖြင့် မှတ်တမ်းတင်ထားရှိရန်လိုကြောင်း၊ လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိက ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စတစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သာယာလှပရေးအတွက် ရေနုတ်မြောင်းများအတွင်း ရေစီးရေလာများ ကောင်းမွန်ရမည်ဖြစ်သကဲ့သို့ နေထိုင်ကြသူများအနေဖြင့်လည်း စည်းကမ်းတကျနေထိုင်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေစီးရေလာကောင်းမွန်မှုမရှိခြင်းကြောင့် ရေဆိုးရေညစ်များသည် ကျန်းမာရေးနှင့် ညီညွတ်မှုတမှုမရှိသည့် ပတ်ဝန်းကျင်ဖြစ်လာစေနိုင်ကြောင်း၊ ရေမြောင်းများတည်ဆောက်ရာတွင် ရေစီးဆင်းမှုပမာဏကိုတွက်ချက်၍ စနစ်တကျ တည်ဆောက်သွားရန်လိုကြောင်း၊ ရန်ကုန်–ပုသိမ်လမ်းနှင့် ညောင်တုန်းလမ်းတို့သည် လမ်းမကြီးများဖြစ်သဖြင့် ပြည်သူများ စနစ်တကျသွားရောက်နိုင်ရေး လူသွားစင်္ကြံများကို အဆင့်မီမီဆောင်ရွက်သွားရန်လိုကြောင်း၊ လူကူးတံတားများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီသာ ဆောက်လုပ်သွားရန်လိုကြောင်း၊ လူသွားစင်္ကြံများပေါ်၌ တည်ရှိနေသည့် လျှပ်စစ်ဓာတ်အားတိုင်များအား စနစ်တကျဖြင့် ကင်းလွတ်ရာသို့ ပြောင်းရွှေ့စိုက်ထူသွားရန်လိုကြောင်း။

မြို့နယ်သာယာလှပရေးအတွက် အမှိုက်သရိုက်စွန့်ပစ်မှုများစနစ်တကျရှိစေရေး သက်ဆိုင်ရာ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြစီမံကိန်းတစ်ရပ်ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ လူနေထိုင်မှုများပြားသည့် မြို့နယ်တစ်ခုဖြစ်သဖြင့် လူဦးရေနှင့် ကိုက်ညီသည့် ဈေး၊ ကျောင်း၊ အုပ်ချုပ်မှုဌာနများ၊ အပန်းဖြေအားကစားကွင်းများကို စနစ်တကျထည့်သွင်းတည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လှိုင်သာယာမြို့နယ်အတွက် Town Plan နှင့် Developing Plan တို့ကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်သွားရန်လိုကြောင်း၊ လျှပ်စစ်မီးနှင့်ပတ်သက်၍လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်မီးထုတ်လုပ်မှုစီမံချက်များကို ရေးဆွဲထားရှိရန်လိုကြောင်း၊ လှိုင်သာယာမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများသည် ယခုအခါတွင် တိုးတက်မှုများစွာရှိလာပြီဖြစ်ပြီး အားလုံးစနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများတွင် နယ်မြေဒေသပေါင်းစုံမှ လာရောက်အလုပ်လုပ်ကိုင်ကြသူများ၏ နေထိုင်မှုလုံခြုံရေး၊ စားရေးအတွက် လိုအပ်သည့် အစားအသောက်များကိုသက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား၍ တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ နေထိုင်သွားလာမှုများ စည်းကမ်းတကျဖြစ်စေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ Social Security နှင့် ပတ်သက်၍လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ယင်းတို့ကို မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အနီးကပ်ကြပ်မတ်ကွပ်ကဲ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁ - ၅ - ၂၀၂၅ )

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား**

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သည် အလုပ်သမားများအနေဖြင့် မိမိတို့၏ အခွင့်အရေးကိုသိရှိကာ မိမိတို့၏အခွင့်အရေးအတွက် ကိုယ်တိုင်တောင်းဆိုရာမှ ပေါ်ပေါက်လာခဲ့သည့် အလုပ်သမားများအတွက် တန်ဖိုးထားအပ်သော သမိုင်းဝင်နေ့တစ်နေ့(မေဒေးနေ့)ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ်မေလ(၁)ရက်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားများ ကျင်းပကြပြီး မြန်မာနိုင်ငံတွင်လည်း ၁၉၃၈ ခုနှစ်၊ မေလ (၁)ရက်မှ စတင်ကျင်းပခဲ့ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် မရှိမဖြစ်အရေးပါသည့် အဓိကစွမ်းအားစုကြီးဖြစ်သော အလုပ်သမားကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်ကျင်းပခဲ့ကြရာ ယခု ၂၀၂၅ ခုနှစ်၊ မေလ (၁)ရက်နေ့တွင် (၈၇)ကြိမ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ယနေ့ကျရောက်သည့် အလုပ်သမားနေ့တွင် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားများကိုရင်းကာ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စေတနာတို့ဖြင့် ပေးအပ်လျက်ရှိကြသည့် အလုပ်သမားကြီးများအပါအဝင် ပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့သော အချိန်ခါသမယတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည့် အလုပ်သမားကြီးများအား လေးစားစွာ ဂုဏ်ပြုပါကြောင်း ဦးစွာပထမ ဖော်ပြအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများ ခင်ဗျား**

နိုင်ငံတော်အစိုးရသည် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေရေး၊ အလုပ်လက်မဲ့နှုန်းကျဆင်းစေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးရေး၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့နိုင်ရေးတို့အတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့် အလုပ်သမားကြီးများကို လူမှုစီးပွားဘဝမြှင့်တင်ပေးနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းများကို အဆင့်မြှင့်တင်ရေး၊ တိုးမြှင့်တည်ထောင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများသော ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့ကို

ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား**

အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရာတွင် အလုပ်သမားများ၏ အခန်းကဏ္ဍ ပိုမိုအားကောင်းလာစေရေးအတွက် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုထားပါသည်။ အလုပ်သမားအဖွဲ့အစည်း ၃၁၁၆ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း ၂၈ ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကုန်ထုတ်လုပ်မှု တိုးတက်ကာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်သမားများ၏ အခွင့်အရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားရေးရာ စစ်ဆေးစည်းကြပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဖွဲ့စည်းပြီး ဒေသတွင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN Occupational Safety and Health Network-ASEAN-OSHNET) တွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်အနေဖြင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများ ခင်ဗျား**

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ILO မှ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့် တိုက်တွန်းချက်များကို နိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကိုလည်း ILO နှင့် ပူးပေါင်းဖြေရှင်းလျက်ရှိပါသည်။

အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက်(၁၈၂)အရ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းမရှိစေရန် တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်တားဆီးခြင်း၊ ပညာပေးဟောပြောခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ဖြင့် ထိန်းသိမ်းကြပ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရေးနှင့်အငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာ ရရှိခံစားနိုင်စေရေးတို့မှာ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ ၂၉၈၂ ဖွဲ့၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ၃၂၅ ဖွဲ့၊ ခုံသမာဓိအဖွဲ့ ၁၅ ဖွဲ့၊ ခုံသမာဓိကောင်စီ ၁ ဖွဲ့တို့ဖြင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းသွားရောက်၍လည်း အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေခြင်းသာမက ကုန်ထုတ်လုပ်မှု တိုးတက်စေခြင်းအကျိုးကျေးဇူးကိုပါ ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးအတွက် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအရ အကျုံးဝင်မြို့နယ်ပေါင်း ၁၂၆ မြို့နယ်မှ အာမခံအလုပ်သမားများအား ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း၌လည်း အာမခံအလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်ဖြစ်သော ကျပ်ငွေသန်းပေါင်း ၇၁၈၅၅ ဒသမ ၅၄၉ (၇၁ ဒသမ ၈၅၆ ဘီလီယံ) ထောက်ပံ့ပေးခဲ့ပြီး ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေဘေးသင့်ခဲ့ရသည့် အာမခံအလုပ်သမား ၃၃၉၄ ဦးကိုလည်း ကျပ်ငွေသန်းပေါင်း ၂၆၆ ဒသမ ၂၉၇ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ပြင်းအား ၇ ဒသမ ၇ ရစ်(ချ်)တာစကေးရှိသည့် မန္တလေးငလျင်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျ

ရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ကျပ်ငွေသန်းပေါင်း ၂၁၇၀၃ ဒသမ ၁၀၄ (၂၁ ဒသမ ၇၀၃ ဘီလီယံ)ကို ထောက်ပံ့ပေးအပ်ရန် စီစဉ်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

ပြည်ပသို့သွားရောက်လုပ်ကိုင်မှုများကြောင့်ပြည်တွင်းတွင် အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် Job Fair များ ကျင်းပကာ One Stop Service ဖြင့် အလုပ်ခန့်နိုင်အောင် အလုပ်ရှင်များနှင့် ပူးပေါင်းစီစဉ်ပေးခြင်း၊ ထိရောက်သော အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် Labour Exchange Management System:Website တွင် လွှင့်တင်ပေးထားပါသည်။ ပြည်ပသို့ မြန်မာအလုပ်သမားစေလွှတ်ရာတွင်လည်း လစာဝင်ငွေနှင့် အကျိုးခံစားခွင့်ကောင်းသော နိုင်ငံများသို့ ဦးစားပေးစေလွှတ်ခြင်း၊ သတ်မှတ်ကာလ ပြည့်မြောက်၍ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အရေအတွက်နှင့် စေလွှတ်ပေးရမည့် အရေအတွက်တို့အား နှိုင်းယှဉ်တွက်ဆခြင်းတို့ဖြင့် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ရန်နှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိပါသည်။

မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်၊ ပြည်ပမှရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျ ပြန်လည်အသုံးချနိုင်ရန်နှင့် ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှ ၎င်းတို့၏ မိသားစုထံသို့ တရားဝင်လမ်းကြောင်းမှတစ်ဆင့် မိသားစုလွှဲပို့ငွေများ လွှဲပို့ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ အလုပ်သမားများကို ဥပဒေနှင့်အညီ ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးလျက်ရှိပါသည်။ ပြည်ပရောက် မြန်မာအလုပ်သမားများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အလုပ်သမား သံအရာရှိများ ခန့်အပ်တာဝန်ပေးထားပြီး အလုပ်သမားသံအရာရှိမရှိသည့် နိုင်ငံများတွင် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်ဦးတည်ချက် (၉)ရပ်တို့ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အလုပ်သမားတို့၏အခန်းကဏ္ဍမှာ ကြီးမားစွာပါဝင်လျက်ရှိပါသည်။ ပြည်တွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချ၍ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်ပမှကုန်များ ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံအဖြစ်မှ ပြည်ပသို့ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစုကြီး၏ စွမ်းဆောင်မှုသည်သာ အဓိကဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အားဥာဏ်အားရှိသမျှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ သန့်ရှင်းမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-32-1